http://www.dhammadownload.com

သာသနာ့အသက် ဆရာ့လက်ထဲ၌ ရှိသည်။
ဆရာကောင်းမှ သာသနာကောင်းမည်။
ထို့ကြောင့် ဆရာကောင်းဖြစ်ရမည်ဟူသော
စိတ်ဓာတ်ဖြင့် ပညာသင်ရမည်။



ရွှေညဝါ ဦးသုန်
ရွှေညဝါ + ဒီကာမ္ဘိက

စာသင်ပျိုနု အခြေပြုတို့အတွက်

# တိကမာတိကာ

## ရွှေညဝါအမှတ်–၁

တိက် ၂၂–တိက်ကို အခိုင်ဆုံးသော အခြေခံ၊ အကောင်းဆုံးသော လက်ာ
ခေတ်အမီဆုံးသော သုံးသပ်ချက်တို့ဖြင့် ခိုင်မာစွာ တည်ဆောက်ထားသည်။

http://www.dhammadownload.com

(က)

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမနှင့် ပဋိညာဉ်

အနန္တဂုဏာသမ္ပန္နံ၊ ဗုဒ္ဓံ ဓမ္မံ ဂဏံ သဒ္ဓိံ။
ဝန္ဒိတွာန ကတမိ ဂန္ထံ၊ သောတူနတ္ထာယ ဘာသိဿံ။

### ကျေးဇူးအမြတ် တုံ့ပြန်ဆပ်

ဤကျမ်းစာကို ရေးသားခြင်းဖြင့် မိခင်, ဖခင်, ဆရာသခင် ကျေးဇူးရှင်တို့၏ မြင့်မြတ်လှသော ကျေးဇူးများကို တုံ့ပြန်ဆပ်ပါ၏။

### လျှောက်တင်အပ်ပါသည်

တိုက်တာ, အဆောက်အဦတို့ကို ဆောက်လုပ်ရာ၌ အခြေခံအုတ်မြစ်သည် အရေးကြီး၏။ ထို့အတူ အတတ်ပညာတစ်ခုကို လေ့လာသင်ကြား ဆည်းပူးရာ၌လည်း အခြေခံအချက်များသည် အလွန်အရေးကြီး၏။ အခြေခံ မပိုင်သော် အားလုံး ပြိုယိုင်လဲနိုင်သည် မဟုတ်လော။

ထို့ကြောင့် ဤကျမ်းစာကို လေ့လာရာ၌လည်း ဤကျမ်းစာ၏ အသက်ဖြစ်သည့် စာမျက်နှာ (က) မှ (ဈ)အထိ ဖော်ပြထားသော အခြေခံ အသက်သွေးကြောကဏ္ဍကို သေချာစွာ လေ့လာပါဟု လျှောက်တင်အပ်ပါသည်။

## အခြေခံ အသက်သွေးကြောကဏ္ဍ

### စေတသိက်ယှဉ်နည်း

ဖော်ပြလတ္တံ့သော အခြေခံ (၃)ချက်ကို ကျွမ်းကျင်ရုံမျှဖြင့် စိတ်တို့၏ ယှဉ်ဖက် စေတသိက် သရုပ်ကို လွယ်ကူစွာ ဖော်ထုတ် အရကောက်နိုင်သည်။ ထို့ကြောင့် ဖော်ပြလတ္တံ့သော အခြေခံ (၃)ချက်ကို ကြေညက်အောင် လေ့လာတော်မူပါ။

1 A

## အခြေခံ (၁)
## စိတ်အုပ်စု ၃-စုတို့၏ စေတသိက်အုပ်စု ၃-စုတို့၌ ယှဉ်ပုံပြဇယား

| စိတ်အုပ်စု (၁) | စိတ်အုပ်စု (၂) | စိတ်အုပ်စု (၃) |
|---|---|---|
| အကုသိုလ်စိတ်-၁၂ | အဟိတ်စိတ်-၁၈ | သောဘနစိတ် အကျဉ်း-၅၉ (ကျယ်-၉၁) |
| အကုသိုလ်စေ-၁၄ | အညစေ-၁၃ | သောဘန စေ-၂၅ |
| စေအုပ်စု (၁) | စေအုပ်စု (၂) | စေအုပ်စု (၃) |

အမှာ။ စိတ်အုပ်စုတို့၏ ယှဉ်နိုင်သော စေတသိက် အုပ်စုများကို တစ်ဘက်ချွန် မြားများဖြင့် ညွှန်ပြထား၏။

### အခြေခံ(၁) ဇယား အသုံးပြုနည်း

* အကုသိုလ်စိတ် ၁၂-ပါး၏ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
ထိုစိတ် ၁၂-ပါးသည် စိတ်အုပ်စု (၁)၌ ပါ၏။ စေအုပ်စု (၁)+(၂) နှစ်စုတို့၌ ယှဉ်၏။
ထို့ကြောင့် အကုသိုလ်စိတ်-၁၂၊ ယှဉ်သော စေတသိက် ၂၇-ဟု သိပါ။

* ကုသိုလ်စိတ် ၂၁-ပါး၏ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
ထိုစိတ်တို့သည် စိတ်အုပ်စု (၃)၌ ပါ၏။ စေအုပ်စု (၂)+(၃) နှစ်စုတို့၌ ယှဉ်၏။
ထို့ကြောင့် ကုသိုလ်စိတ်-၂၁၊ ယှဉ်သော စေတသိက် ၃၈-ဟု သိပါ။

* ကု-၂၁+ဝိ-၃၆+ကြိ ၂၀-တို့၏ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
ထိုစိတ်တို့သည် စိတ်အုပ်စု (၂)+(၃) နှစ်စုတို့၌ ပါ၏။ စေအုပ်စု (၂)+(၃) နှစ်စုတို့၌ ယှဉ်၏။ ထို့ကြောင့် ကု-၂၁+ဝိ-၃၆+ကြိ-၂၀၊ ယှဉ်သော စေတသိက် ၃၈-ဟု သိပါ။

* အကု-၁၂+ကု ၂၁-တို့၏ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
ထိုစိတ်တို့သည် စိတ်အုပ်စု (၁)+(၃) နှစ်စုတို့၌ ပါ၏။ စေအုပ်စု (၁)+(၂)+(၃) သုံးစုလုံး၌ ယှဉ်၏။ ထို့ကြောင့် အကု-၁၂+ကု-၂၁၊ ယှဉ်သော စေတသိက် ၅၂-ဟု သိပါ။

အမှာ။ စိတ်အုပ်စုများကို နှစ်စု,သုံးစု တွဲ၍ အရကောက်ရာ၌လည်း ဖော်ပြခဲ့သော နည်းကို မှီး၍ ယှဉ်သော စေတသိက်သရုပ်ကို ဖော်ထုတ်ပါ။

သတိ။ ဤနည်းသည် အများဆုံး ယှဉ်နိုင်သော စေတသိက်သရုပ်ကို ရည်ရွယ်၍ ဖော်ပြထားသောနည်း ဖြစ်၏။

http://www.dhammadownload.com


# အခြေခံ (၂)

# ဤစိတ်များ၌ ဤစေတသိက်များ မယှဉ်

| စိတ် | မယှဉ်သော စေတသိက် |
|---|---|
| ဒိသမ်-၄ | မာ၊ ဒေါစတုတ်-၄၊ ဝိစိ ပေါင်း = ၆ |
| ဒိဝိပ်-၄ | ဒိ၊ ဒေါစတုတ်-၄၊ ဝိစိ ပေါင်း = ၆ |
| ဒေါ-၂ | ပီ၊ လောတြိ-၃၊ ဝိစိ ပေါင်း = ၅ |
| ဥဒ္ဒစ္စသဟဂုတ်-၁ | ဆန္ဒ၊ ပီ၊ လောတြိ-၃၊ ဒေါစတုတ်-၄၊ ထိ,မိ-၂၊ ဝိစိ ပေါင်း = ၁၂ |
| ဝိစိကိစ္ဆာသဟဂုတ်-၁ | ဆန္ဒ၊ ပီ၊ ဓိမောက်၊ လောတြိ-၃၊ ဒေါစတုတ်-၄၊ ထိ,မိ-၂ ပေါင်း = ၁၂ |
| အဟိတ်-၁၈ | ဆန္ဒ |
| မဟာဝိ-၈ | ဝိရတီ-၃၊ အပ္ပ-၂ ပေါင်း = ၅ |
| မဟာကြိ-၈၊ ရူပ-၁၅ | ဝိရတီ-၃ |
| အရူပ-၁၂ | ဝိတက်၊ ဝိစာ၊ ပီ၊ ဝိရတီ-၃၊ အပ္ပ-၂ ပေါင်း = ၈ |
| လောကုတ်-၈ | အပ္ပ-၂ |

## အခြေခံ(၂) ဇယား အသုံးပြုနည်း

* ဒိသမ် ၄-၌ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
အခြေခံ(၁) ဇယားကို ရှု၍ ထိုစိတ်၌ စေ၂၇-ယှဉ်၏ဟု ခေတ္တခဏ မှတ်ထားပါ။ ထိုစေ၂၇-ထဲမှ အခြေခံ(၂) ဇယားကို ရှု၍ ဒိသမ် ၄-၌ မယှဉ်သော စေ ၆-ပါးကို ကြဉ်ပါ။ ဒိသမ် ၄-၌ မာ, ဒေါစတုတ်-၄, ဝိစိကြဉ် စေ၂၁-ယှဉ်၏ဟု သိလာမည်။

* လောကုတ် ၈-၌ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
အခြေခံ(၁) ဇယားကို ရှု၍ ထိုစိတ်၌ စေ ၃၈-ယှဉ်၏ဟု ခဏ မှတ်ထားပါ။ ထိုစေ ၃၈-ထဲမှ အခြေခံ(၂) ဇယားကို ရှု၍ လောကုတ် ၈-၌ မယှဉ်သော အပ္ပမညာ စေ၂-ပါးကို ကြဉ်ပါ။ လောကုတ် ၈-၌ အပ္ပ ၂-ကြဉ် စေ ၃၆-ယှဉ်၏ဟု သိလာမည်။

http://www.dhammadownload.com


* လောဘမူ–၈ (ဝါ) ဒိသမ်–၄+ဒိဝိပ် ၄–၌ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
အခြေခံ(၁) ဇယားကို ရှု၍ ထိုစိတ်၌ စေ၂၇–ယှဉ်၏ဟု ခဏ မှတ်ထားပါ။
ထိုစေ၂၇–ထဲမှ အခြေခံ(၂) ဇယားကို ရှု၍ ထိုစိတ်၌ မယှဉ်နိုင်သော စေ ၅–ပါးကို ကြည့်ပါ။ လောဘမူ–၈ (ဝါ) ဒိသမ်–၄+ဒိဝိပ် ၄–၌ ဒေါစတုတ်–၄, ဝိစိကြည် စေ၂၂–ယှဉ်၏ဟု တိကျစွာ သိလာမည်။

* ဒေါသမူ–၂+လောကုတ် ၈–၌ ယှဉ်သော စေတသိက်ကို သိလိုသော် . . .
အခြေခံ(၁) ဇယားကို ရှု၍ ထိုစိတ်တို့၌ စေ ၅၂–ယှဉ်၏ဟု ခဏ မှတ်ထားပါ။
ထိုစေ ၅၂–ထဲမှ အခြေခံ(၂) ဇယားကို ရှု၍ ထိုစိတ်နှစ်မျိုးလုံး၌ မယှဉ်နိုင်သော စေ ၆–ပါးကို ကြည့်ပါ။ ဒေါ–၂+လောကုတ် ၈–၌ လောတြိ–၃, ဝိစိ–၁, အပ္ပ ၂–ကြည် စေ ၄၆–ပါး ယှဉ်၏ဟု တိကျစွာ သိလာမည်။

အမှာ။ အဟိတ်စိတ် ၁၈–ပါးနှင့် တစ်ခြားသော စိတ်တို့ကို တွဲ၍ အရကောက်ရာ၌ အဟိတ်စိတ်သည် အညသမာန်း စေတသိက်အုပ်စု တစ်စုတည်း၌သာ ယှဉ်၏၊ နည်း၏။ ထို့ကြောင့် အဟိတ်စိတ်နှင့် ယှဉ်သော စေတသိက်ကို လုံး၀ မကြည့်ရ။ ၎င်းနှင့် တွဲ၍ အရကောက်သော စိတ်၏ ယှဉ်ရာ စေတသိက်ကိုသာ ကြည့်ပါ။

## အခြေခံ (၃)
## ဤစိတ်များ၌လည်း ဤစေတသိက်များ မယှဉ်

| | စိတ် | မယှဉ်နိုင်သော စေတသိက် | |
|---|---|---|---|
| က | ပီတိသဟဂုတ်စိတ်–၅၁ | (ပီ)၊ ဒေါစတုတ်–၄၊ ဝိစိ | ပေါင်း (၆) |
| ခ | သုခသဟဂုတ်စိတ်–၆၃ | (ဝေ)၊ ဒေါစတုတ်–၄၊ ဝိစိ | ပေါင်း (၆) |
| ဂ | ဥပေက္ခာသဟဂုတ်စိတ်–၅၅ | (ဝေ)၊ ပီ၊ ဒေါစတုတ်–၄ | ပေါင်း (၆) |
| ဃ | ဒုက္ခသဟဂုတ်စိတ်–၃ | (ဝေ)၊ ပီ၊ လောတြိ–၃၊ ဝိစိ | ပေါင်း (၆) |
| င | ဒုတိယဈာန်စိတ်–၁၁ | ဝိတက်၊ (ဝိစာရ) | ပေါင်း (၂) |
| စ | အဝိတက္ကအဝိစာရစိတ်–၅၅ | ဝိတက်၊ ဝိစာရ | ပေါင်း (၂) |
| ဆ | ဒွေပဥ္စ–၁၀, မနောဓာတ်–၃ | ဆန္ဒ၊ ပီတိ၊ ဝီရိယ | ပေါင်း (၃) |

http://www.dhammadownload.com



သတိ။ လက်သည်းကွင်းဖြင့် ပြထားသည့် စေတသိက်များသည် သင့်ဂြိုဟ်ကျမ်း၌ ယှဉ်၏။ သို့သော် "ငါသည် ငါနှင့် ယှဉ်၍ မရ" ဟူသော သဘာဝအရ ဤဉဏ်ကျမ်း၌ကား မယှဉ်။

## အခြေခံ(၃) ဇယား အသုံးပြုနည်း

* က,ခ,ဂ အမှတ်ပြ စိတ်များသည် အခြေခံ(၁) ဇယားကွက်၏ စိတ်အုပ်စု ၁+၂+၃ သုံးစုလုံး၌ ပါ၏။ စေ ၅၂–နှင့် ယှဉ်၏ဟု ခဏ မှတ်ထားပါ။
ထိုစေ ၅၂–ထဲမှ အခြေခံ(၃) ဇယားကို ရှု၍ ၎င်းစိတ်တို့နှင့် မယှဉ်သော စေတသိက်များကို အသီးသီး ကြည့်ပါ။ ထိုစိတ်တို့၌ ယှဉ်နိုင်သော စေတသိက်များ အသီးသီး ပေါ်ထွက်လာမည်။

* (ဃ) အမှတ်ပြ ဒုက္ခသဟဂုတ်စိတ် ၃–ပါးသည် အခြေခံ(၁) ဇယားကွက်၏ စိတ်အုပ်စု ၁+၂ နှစ်စုတို့၌ ပါ၏။ စေ ၂၇–နှင့် ယှဉ်၏ဟု ခဏ မှတ်ထားပါ။
ထိုစေ၂၇–ထဲမှ အခြေခံ(၃) ဇယားကို ရှု၍ ၎င်းစိတ်နှင့် မယှဉ်သော စေ ၆–ပါးကို ကြည့်ပါ။ ဒုက္ခသဟဂုတ်စိတ် ၃–ပါး၌ ဝေ, ပီ, လောဘ်–၃, ဝိစိကြင့် စေ ၂၁–ယှဉ်၏ဟု ပေါ်ထွက်လာမည်။

* (င) အမှတ်ပြ ဒုတိယဈာန်စိတ် ၁၁–ပါးသည် အခြေခံ(၁) ဇယားကွက်၏ စိတ်အုပ်စု (၃)၌သာ ပါ၏။ စေ ၃၈–နှင့် ယှဉ်၏ဟု ခဏ မှတ်ထားပါ။
ထိုစေ ၃၈–ထဲမှ အခြေခံ(၃) ဇယားကို ရှု၍ ၎င်းစိတ်နှင့် မယှဉ်သော စေ၂–ပါးကို ကြည့်ပါ။ ထိုစိတ်၌ ဝိတက်, ဝိစာရကြဉ် စေ ၃၆–ပါး ယှဉ်၏ဟု ပေါ်ထွက်လာမည်။

* (စ) အမှတ်ပြ အဝိတက္ကအဝိစာရစိတ် ၅၅–ပါးသည် အခြေခံ(၁) ဇယားကွက်၏ စိတ်အုပ်စု ၂+၃ နှစ်စု၌ ပါ၏။ စေ ၃၈–နှင့် ယှဉ်၏ဟု ခဏ မှတ်ထားပါ။
ထိုစေ ၃၈–ထဲမှ အခြေခံ(၃) ဇယားကို ရှု၍ ၎င်းစိတ်နှင့် မယှဉ်သော စေ၂–ပါးကို ကြည့်ပါ။ ထိုစိတ်၌ ဝိတက်, ဝိစာရကြဉ် စေ ၃၆–ပါး ယှဉ်၏ဟု ပေါ်ထွက်လာမည်။

* (ဆ) အမှတ်ပြ ဒွေပဉ္စဝိညာဉ်–၁၀, မနောဓာတ် ၃–ပါးတို့သည် အခြေခံ(၁) ဇယားကွက်၏ စိတ်အုပ်စု(၂) တစ်စု၌သာ ပါ၏။ စေ ၁၃–နှင့် ယှဉ်၏ဟု ခဏ မှတ်ထားပါ။
ထိုစေ ၁၃–ထဲမှ အခြေခံ(၃) ဇယားကို ရှု၍ ၎င်းစိတ်တို့နှင့် မယှဉ်နိုင်သော စေ ၃–ပါးကို ကြည့်ပါ။ ထိုစိတ်တို့၌ ဆန္ဒ, ပီတိ, ဝီရိယကြဉ် စေ ၁၀–ပါး ယှဉ်၏ဟု ပေါ်လာမည်။

http://www.dhammadownload.com



## အချုပ်

အခြေခံ (၃)လာ စိတ်များကို အရကောက်ရာ၌ အခြေခံ (၁)+(၃) ဇယားနှစ်ကွက်ကို ရှု၍လည်းကောင်း၊ အခြေခံ (၃)လာ စိတ်များမှ တစ်ပါးသော စိတ်များကို အရကောက်ရာ၌ အခြေခံ (၁)+(၂) ဇယားနှစ်ကွက်ကို ရှု၍လည်းကောင်း၊ ထူးခြားသော စေတသိက်တို့ကို ယှဉ်ရာ/ကြဉ်ရာ၌ သက်ဆိုင်ရာ တိုက်များ၏ အနက်, အဓိပ္ပါယ်များကို ကြည့်ရှု နှလုံးသွင်း၍လည်းကောင်း ယှဉ်ဖက်စေတသိက် သရုပ်များကို အတိအကျ ဖော်ထုတ်နိုင်၏။

အမှာ။ ဖော်ပြခဲ့သော စေတသိက် ယှဉ်နည်းများကို လက်ကိုင်ပြုပါ။ နှစ်သက်ရာ တိုက် ၅-တိုက်မှ စိတ်တို့၏ ယှဉ်သော စေတသိက်သရုပ်ကို လက်တွေ့ ဖော်ထုတ်ကြည့်စမ်းပါ။

==============

## ခန္ဓာ,အာယတန,ဓာတ်,သစ္စာ ဖွဲ့နည်းဆိုရိုး

### ခန္ဓာ (၅)ပါး

ခန္ဓာအားဖြင့် (၅)ပါး ဟူသော်ကား . . .

* ရုပ်အဋ္ဌဝီသသည် = ရူပက္ခန္ဓာ မည်၏။
* ဝေဒနာ စေတသိက်သည် = ဝေဒနာက္ခန္ဓာ မည်၏။
* သညာ စေတသိက်သည် = သညာက္ခန္ဓာ မည်၏။
* ဝေဒနာ,သညာမှ ကြွင်းသော စေတသိက် (၅၀)သည် = သင်္ခါရက္ခန္ဓာ မည်၏။
* စိတ်တစ်ခုယုတ် ကိုးဆယ်သည် = ဝိညာဏက္ခန္ဓာ မည်၏။

နိဗ္ဗာန်သည် = ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

ဤသို့လျှင် ခန္ဓာအားဖြင့် (၅)ပါး ဖြစ်သတည်း။

### အာယတန (၁၂)ပါး

အာယတနအားဖြင့် (၁၂)ပါး ဟူသော်ကား . . .

ရုပ်အဋ္ဌဝီသတို့တွင် -

* စက္ခုပသာဒသည် = စက္ခာယတန မည်၏။

http://www.dhammadownload.com


* သောတပသာဒသည် = သောတာယတန မည်၏။
* ဃာနပသာဒသည် = ဃာနာယတန မည်၏။
* ဇိဝှာပသာဒသည် = ဇိဝှာယတန မည်၏။
* ကာယပသာဒသည် = ကာယာယတန မည်၏။
* ရူပါရုံသည် = ရူပါယတန မည်၏။
* သဒ္ဒါရုံသည် = သဒ္ဒါယတန မည်၏။
* ဂန္ဓာရုံသည် = ဂန္ဓာယတန မည်၏။
* ရသာရုံသည် = ရသာယတန မည်၏။
* ပထဝီ,တေဇော,ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် = ဖောဋ္ဌဗ္ဗာယတန မည်၏။
* စိတ်တစ်ခုယုတ် ကိုးဆယ်သည် = မနာယတန မည်၏။
* စေတသိက် ဒွေပညာသ၊ အာပေါ်, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် = ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် (၁၂)ပါး ဖြစ်သတည်း။

## ဓာတ် (၁၈)ပါး

ဓာတ်အားဖြင့် (၁၈)ပါး ဟူသော်ကား . . .

ရုပ်အဋ္ဌဝီသတို့တွင် –

* စက္ခုပသာဒသည် = စက္ခုဓာတ် မည်၏။
* သောတပသာဒသည် = သောတဓာတ် မည်၏။
* ဃာနပသာဒသည် = ဃာနဓာတ် မည်၏။
* ဇိဝှာပသာဒသည် = ဇိဝှာဓာတ် မည်၏။
* ကာယပသာဒသည် = ကာယဓာတ် မည်၏။
* ရူပါရုံသည် = ရူပဓာတ် မည်၏။
* သဒ္ဒါရုံသည် = သဒ္ဒဓာတ် မည်၏။
* ဂန္ဓာရုံသည် = ဂန္ဓဓာတ် မည်၏။

http://www.dhammadownload.com


* ရသာရုံသည် = ရသဓာတ် မည်၏။
* ပထဝီ,တေဇော,ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် = ဖောဋ္ဌဗ္ဗဓာတ် မည်၏။
* စက္ခုဝိညာဉ်ဒွေသည် = စက္ခုဝိညာဏဓာတ် မည်၏။
* သောတဝိညာဉ်ဒွေသည် = သောတဝိညာဏဓာတ် မည်၏။
* ဃာနဝိညာဉ်ဒွေသည် = ဃာနဝိညာဏဓာတ် မည်၏။
* ဇိဝှာဝိညာဉ်ဒွေသည် = ဇိဝှာဝိညာဏဓာတ် မည်၏။
* ကာယဝိညာဉ်ဒွေသည် = ကာယဝိညာဏဓာတ် မည်၏။
* ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေသည် = မနောဓာတ် မည်၏။
* ကြွင်းသော စိတ်(၇၆)ခုသည် = မနောဝိညာဏဓာတ် မည်၏။
* စေတသိက် ဒွေပညာသ၊ အာပေါ်, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် = ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် (၁၈)ပါး ဖြစ်သတည်း။

## သစ္စာ (၄)ပါး

သစ္စာအားဖြင့် (၄)ပါး ဟူသော်ကား . . .

* လောကီစိတ် ကောသီတိ, လောဘကြဉ်သော စေတသိက် ကေပညာသ, ရုပ်အဋ္ဌဝီသသည် = ဒုက္ခသစ္စာ မည်၏။
* လောဘ စေတသိက်သည် = သမုဒယသစ္စာ မည်၏။
* နိဗ္ဗာန်သည် = နိရောဓသစ္စာ မည်၏။
* မဂ်စိတ် ၄–ခု၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ရှစ်ပါး/ခုနစ်ပါး, သကဒါဂါမိမဂ် ရှစ်ပါး/ခုနစ်ပါး, အနာဂါမိမဂ် ရှစ်ပါး/ခုနစ်ပါး, အရဟတ္တမဂ် ရှစ်ပါး/ခုနစ်ပါးသည် = မဂ္ဂသစ္စာ မည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် (၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇)ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် (၄)ပါး ဖြစ်သတည်း။

===============

http://www.dhammadownload.com



## အခ်ိပ္ပါယ်

## နိဗ္ဗာန်ကို ခန္ဓဝိမုတ် ထုတ်ခြင်းအကြောင်း

ပစ္စုပ္ပန်, အတိတ်, အနာဂတ်၊ အဇ္ဈတ္တ, ဗဟိဒ္ဓ၊ ဒူရ, အာသန္န၊ ဟီန, ပဏီတ၊ သြဠာရိက, သုခုမ ဟူသော ၁၁-ပါးသော အပြားတို့ မရှိသောကြောင့် (ဝါ) ၁၁-ပါးသော အပြားတို့ မရှိသည် ဖြစ်၍ ပေါင်း၍ မရသောကြောင့် နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ သတိ။ ဘေဒါဘာဝေန နိဗ္ဗာနံ ခန္ဓသင်္ဂဟနိဿဋံ။ (သင်္ဂြိုဟ်၊ သမုစ္စည်းပိုင်း)

## သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ် ယူနည်း

စိတ်,စေတသိက် နှစ်ပါးလုံးကိုပင် ဤနေရာ၌ စိတ္တုပ္ပါဒ်ဟု ခေါ်၏။

မဂ်စိတ်လေးခု၌ စေတသိက် ၃၆-ပါး ယှဉ်၏။ ယင်း ၃၆-ပါးတို့တွင် သမ္မာဒိဋ္ဌိ စသော စေတသိက် ၈-ပါးကို မဂ္ဂသစ္စာ ဖွဲ့ပြီး ဖြစ်သောကြောင့် စေ ၃၆-ပါးထဲမှ ထိုစေတသိက် ၈-ပါးကို နုတ်ပါ။ ၂၈-ပါး ကျန်၏။ ထိုစေတသိက် ၂၈-ပါးထဲသို့ မဂ်စိတ်လေးခုကို အာရုံကို သိခြင်း (အာရမ္မဏဝိဇာနန) လက္ခဏာအားဖြင့် တူသောကြောင့် တစ်ခုတည်း ပြု၍ ထည့်၊ မဂ်စိတ္တုပ္ပါဒ် ၂၉-ခု ဖြစ်၏။

ဖိုလ်စိတ်လေးခု၌လည်း စေတသိက် ၃၆-ပါး ယှဉ်၏။ ယင်း ၃၆-ပါး၌ ရှိသော သမ္မာဒိဋ္ဌိ စသော မဂ္ဂင်တရားကိုယ် စေတသိက် ၈-ပါးကို မဂ္ဂသစ္စာ မဖွဲ့ထားသောကြောင့် မနုတ်ရ။ ထိုစေတသိက် ၃၆-ပါးထဲသို့ ဖိုလ်စိတ်လေးခုကို အာရုံကို သိခြင်း (အာရမ္မဏဝိဇာနန) လက္ခဏာအားဖြင့် တူသောကြောင့် တစ်ခုတည်း ပြု၍ ထည့်၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု ဖြစ်၏။

အမှာ။ သမ္မာဒိဋ္ဌိ၏ တရားကိုယ်ကား . . . ပညိန္ဒြေ, ပညာ, ဉာဏ်, အမောဟ။
သမ္မာသင်္ကပ္ပ၏ တရားကိုယ်ကား . . . ဝိတက်။
သမ္မာဝါယာမ၏ တရားကိုယ်ကား . . . ဝီရိယ။
သမ္မာသမာဓိ၏ တရားကိုယ်ကား . . . ဧကဂ္ဂတာ။

## မဂ္ဂင် ရှစ်ပါး/ခုနစ်ပါး

ပထမဈာန်၌ ဝိတက် ဟူသော သမ္မာသင်္ကပ္ပမဂ္ဂင် ယှဉ်၏။ ဒုတိယဈာန် စသည်တို့၌ ဝိတက် မယှဉ်။ ထို့ကြောင့် ပထမဈာန်ကို ရည်၍ "ရှစ်ပါး"၊ ဒုတိယဈာန် စသည်ကို ရည်၍ "ခုနစ်ပါး"ဟု ဆို၏။

**အခြေခံ အသက်ချေးကြောကဏ္ဍ ပြီးပါပြီ။**

http://www.dhammadownload.com



# ပန်းကြားလွှာ

အာရမ္မဏ တိက်များ၏ ကေန်, အနေကန် အာရုံပြုသော စိတ်တို့ကို အရကောက်ရာ၌ အလွန်အသုံးဝင်သော ရှေးဟောင်း လင်္ကာနှစ်ပုဒ်ကို ဖော်ပြပါအံ့။ ကျက်မှတ်လေ့လာတော်မူပါ။

## ကေန်လင်္ကာ

၁။ ပဉ္စဝိညာ, မနောဓာ၊ တဒါ, ဟသိ၊ **'ကာမေ'** ဇာယန္တိ၊
ဝိညာ, နေဝ၊ **'အဇ္ဈတ္တေ၊ တဂ္ဂါ+တီတ'**၊ ဇာယန္တေ။

၂။ လောကုတ် **'နိဗ္ဗာ'**၊ ကုတ္တရာ၊ ဝိညာ, နေဝ၊ **'နာမ်'** ဝုတ္တာ၊
ပဉ္စဝိညာ စ၊ မနောဓာ၊ တေရသ **'ရုပ်'**၊ **'ပစ္စုပ်'** တထာ။

၃။ အာကာ, အာကိဉ္စ၊ စိတ် ရူပါ၊ ကေဝိသာ စ၊ **'ပညတ္တာ'**၊
ကေဝိသာ စ၊ ကုတ်-ထည့်ကာ၊ နှစ်ဆယ့်ကိုး၊ လွတ်မျိုး **'ဝိမုတ္တာ'**။

၄။ ကာ, တိတ်, နိဗ္ဗ၊ နဝတိံသာ၊ **'ပရမေ'*** ဟောန္တိ၊ နိယတာ၊
ရူပါ+ကာသာ စ၊ နုတ္တရာ၊ **'ဗာတိရေ'** ဟောန္တိ၊ ဆဗ္ဗိဓာ။

၅။ စက်, သော, ဃာ, ဇိ၊ ကာ-နှစ်လီ စ၊ ဒွယ-စဉ်ညီ၊ **'ရူပါဒိ'**လာ၊
ရူပါ ရူပါ စ၊ နုတ္တရာ၊ **'ဓမ္မေ'** ဟောန္တိ၊ ပဥ္စတိံသာ။

အမှာ။ လင်္ကာ၌ ရေးထားသော = ကာ, တိတ်, နိဗ္ဗ၊ နဝတိံသာ၊ **'ပရမေ'*** ဟူသည် ကာမ အာရုံပြုစိတ်-၂၅၊ အတိတ် အာရုံပြုစိတ်-၆၊ နိဗ္ဗာန် အာရုံပြုစိတ်-၈ ပေါင်း ၃၉-ပါးတို့ သည် ပရမတ္ထတရားကို အာရုံပြု၏ဟု ဆိုလို၏။

## အနေကန်လင်္ကာ

၁။ **''တဂ်, ဝိ, ကာမေ၊ ညတ်, ပရမေ''**၊ ဇာယတေဝ၊ တစ်ခါတစ်လေ၊
ဟ-ကြဉ် ကာဇော၊ ဘိညာ, ဋ္ဌော၊ သုံးဆယ့်တစ်တိ၊ ပကာသိတော။

၂။ **''ပစ္စုပ်, တီတာ၊ နာဂတော၊ ဓမ္မ, ရုပ်, နာမ်''**၊ တစ်ခါတစ်လေ၊
တဒါ, ကာဇော၊ ဘိညာ, ဋ္ဌော၊ လေးဆယ့်သုံးတိ၊ ပကာသိတော။

၃။ **''ပဥ္စာရုံ''**ဖွေ၊ စိတ်မနေ၊ ဇာယတေဝ၊ တစ်ခါတစ်လေ၊
တဒါ, ကာဇော၊ ဘိညာ, ဋ္ဌော၊ မနောဓာတ် ထည့်၊ ပကာသိတော။

၄။ ဘိညာ, ကာမော၊ ငါးချောက်ပေါ၊ **''အဇ္ဈ, ဗာတိရ၊ မိဿကော''**၊
ကု, ကြိ-သမ်ဇော၊ ဘိညာ, ဋ္ဌော၊ **''နိဗ္ဗာန်''**ပြဘိ၊ ဆယ့်တစ်ဟော။

http://www.dhammadownload.com


# တိကမာတိကာ ရှေ့ညဝါ

## နိဒါန်းနှင့် ပေါ်ရိုးစစ်

မာတရံ ပမုခံ ကတွာ၊ တသော ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်း အလွန်ရှိသော လေးသင်္ချေထက်၌ **သုမေဓာရသေ့** ဖြစ်၍ **ဒီပင်္ကရာ** မြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော်အထီးတည်း နိဗ္ဗာန်ဆုကို ယူတော်မူသည်ရှိသော် ရအပ်သော အားအစွမ်းကို မြင်တော်မူသော ယောကျ်ားမြတ်ဖြစ်လျက် တယောက်အထီးတည်း ကူးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဝေနေယျသတ္တဝါ အပေါင်းတို့ကို သံသရာတည်းဟူသော ရေအလျဉ်မှ ထုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တင်အံ့ဟု ကြံတော်မူသဖြင့် –

**ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ** တည်းဟူသော ဩဃလေးပါး၌ နစ်မွန်းမျောပါးကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့ကို သနားကြင်နာတော်မူလှသည် ဖြစ်၍ လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်သဖြင့် **သုမေဓာရှင်ရသေ့** အဖြစ်မှသည် **ဝေဿန္တရာမင်း** အဖြစ်တိုင်အောင် မရေတွက်နိုင်သော ဘဝတို့၌ –

၁။ ရွှေ,ငွေ,ဆင်,မြင်း အစရှိသော အပဝတ္ထုကို လှူခြင်းတည်းဟူသော ဒါနပါရမီ၊
၂။ ခြေ,လက်,နား,နှာခေါင်း အစရှိသည်ကို လှူခြင်းတည်းဟူသော ဒါနဥပပါရမီ၊
၃။ ကိုယ်,အသက်ကို လှူခြင်းတည်းဟူသော ဒါနပရမတ္ထပါရမီ အစရှိသော ပါရမီ သုံးဆယ်တို့ကိုငင်း။

၁။ အလွန်ပြုနိုင်ခဲစွာသော ပဒေသရာဇ်, ကောရာဇ်, စကြာမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာကို စွန့်ခြင်းတည်းဟူသော ဓနပရိစ္စာဂ၊
၂။ သား,သမီးကို စွန့်ခြင်းတည်းဟူသော ပုတ္တပရိစ္စာဂ၊
၃။ မယားကို စွန့်ခြင်းတည်းဟူသော ဘရိယပရိစ္စာဂ၊
၄။ ခြေ,လက်,နား,နှာခေါင်း အစရှိသော အင်္ဂါကြီးငယ်ကို စွန့်ခြင်းတည်းဟူသော အင်္ဂပရိစ္စာဂ၊
၅။ ကိုယ်,အသက်ကို စွန့်ခြင်းတည်းဟူသော ဇီဝိတပရိစ္စာဂ။

ဤစွန့်ခြင်းကြီး ငါးပါးတို့ကိုငင်း ဖြည့်စွန့်တော်မူပြီး၍ –

http://www.dhammadownload.com



တုသိတာနတ်ပြည်၌ **သေတကေတု** အမည်ရှိသော နတ်သားဖြစ်၍ နတ်တကာတို့ ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း အစရှိသော အကြောင်းတို့ဖြင့် လွန်မြတ်လျက်၊ တုသိတာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင်၊ ယာမာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်၊ တာဝတိံသာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တသောင်း ခြောက်ထောင်၊ စာတုမဟာရာဇ် နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်သုံးသောင်း နှစ်ထောင်၊ လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း ကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူပြီး၍ –

နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူပြီးသော အဆုံး၌ ''အလောင်းမင်း၊ ဘုရားဖြစ်အံ့သောအခါ တန်ပါပြီ၊ လောကသုံးပါး၌ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာ လူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်တော်မူပါ''ဟု တသောင်းသော စကြဝဠာတိုက်မှ လာ၍ နတ်,ဗြဟ္မာ အပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ –

**ကာလ,ဒီပ,ဒေသ,ကုလ,မာတုအာယုပရိစ္ဆေဒ** တည်းဟူသော ကြည့်ခြင်းကြီး ငါးပါးတို့ကို ကြည့်တော်မူပြီး၍ . . . ဝါဆိုလပြည့်နေ့၊ အာသဠ္ဟီ နက္ခတ်နှင့် ယှဉ်လျက် မဟာသမ္မတမင်းမှ စ၍ အသမ္ဘိန္န ခတ္တိယ မင်းမျိုး၌ ကပိလဝတ် ပြည်ကြီးရှင် **သုဒ္ဓေါဒနမင်းကြီး**၏ မင်္ဂလာ မဟာဒေဝီ **မယ်တော်မာယာ**ဝမ်း၌ ပဋိသန္ဓေ နေပြီး၍ ဆယ်လစေ့သဖြင့် ကဆုန်လပြည့်နေ့၊ ဝိသာခါ နက္ခတ်နှင့် ယှဉ်လျက် ဖွားတော်မူ၍ တစ်ဆယ့်ခြောက်နှစ်မြောက်သောအခါ မင်းဆက်တကာ မစံဘူးသော **ရမ္မ,သုဘ,သုရမ္မ** တည်းဟူသော ရွှေနန်းသုံးဆောင်၌ **ယသောဓရာ** အမှူးရှိသော ရွှေအဆင်းနှင့် တူသော မင်းသွီးအပေါင်း လေးသောင်း ခြံရံလျက် နတ်၏ စည်းစိမ်နှင့် တူသော မင်း၏ စည်းစိမ်ကို ခံစားစဉ် **သူအို,သူနာ,သူသေ,ရဟန်း** တည်းဟူသော နိမိတ်ကြီး လေးပါး ထင်သဖြင့် ထိုစည်းစိမ်ကို စွန့်၍ ရဟန်းပြုတော်မူလျက် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ –

**အဇပါလညောင်ပင်ရင်း**၌ **သုဇာတာ** အမည်ရှိသော သူဌေးသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ခံလျက် **နေရဉ္ဇရာ**မြစ်နား၌ ဘုဉ်းပေးတော်မူ၍ ညချမ်းသောအခါ နတ်တို့သည် စီရင်အပ်သော လမ်းဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ၍ –

တောင်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသောကြောင့် မဝင်မူ၍၊ အနောက်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသော

http://www.dhammadownload.com


ကြောင့် မဝင်မူ၍၊ မြောက်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသောကြောင့် မဝင်မူ၍၊ အရှေ့မြောက်ထောင့် အရပ်က ရပ်လျက် (တနည်းလည်း) အရှေ့အရပ်က ရပ်လျက် **သောတ္ထိယ မောင်ချမ်းသာ**သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်သောအခါ ရတနာခုနစ်ပါးဖြင့် ပြီးသော အပရာဇိတပလ္လင် ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူစဉ် နေမဝင်မီ **ဒေဝပုတ္တမာရ်**ကို အောင်တော်မူလျက် ပုရိမယာမ်၌ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**၊ မဇ္ဈိမယာမ်၌ **ဒိဗ္ဗစက္ခုဉာဏ်**၊ ပစ္ဆိမယာမ်၌ **အာသဝက္ခယဉာဏ်**ကို ရတော်မူ၍ လောကသုံးပါး၌ အတုမရှိသော သဗ္ဗညု အဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ဆောင်တော်မူလျက် ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သော ကာလ သာဝတ္ထိပြည်၏ အနီး **ကဏ္ဍ** အမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင်၏ အရင်း၌ တိတ္ထိတို့ကို နှိပ်နင်းခြင်းငှာ ရေ,မီး အစုံအစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသော အဆုံး၌ သုံးဘဝါးသာ နင်းသဖြင့် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်၏ အရင်း၌ ခင်းထားအပ်သော **ပဏ္ဍုကမ္ဗလာ** ကျောက်ဖျာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် မယ်တော် ဖြစ်ခဲ့ဘူးသော **သန္တုဿိတနတ်သား**ကို အကြီးအမှူး ပြု၍ တသောင်းသော စကြာဝဠာတိုက်မှ တညီတညွတ်တည်း စည်းဝေးလာကုန်သော နတ်,ဗြဟ္မာ အပေါင်းတို့အား အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတ ဉာဏ်တော်ဖြင့် လူ,နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

ထိုဝါတွင်းသုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာ ဒေသနာတော်မြတ်သည်လည်း . . . **ဝိတ္ထာရနယ, သင်္ခေပနယ, နာတိဝိတ္ထာရ နာတိသင်္ခေပနယ**အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် –

တာဝတိံသာ နတ်ပြည်၌ နတ်အပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျယ်လွန်းသောကြောင့် ဝိတ္ထာရနယ မည်၏။

စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် သင်္ခေပနယ မည်၏။

အရှင်သာရိပုတ္တရာသည် လင်းနို့သား ဖြစ်ဘူးသော ငါးရာသော ရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် နာတိဝိတ္ထာရ နာတိသင်္ခေပနယ မည်၏။

http://www.dhammadownload.com


ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယာသုံးပါး တည်းဟူသော **အဓိဂမနိဒါန်း, ဒေသနာနိဒါန်း (၂)ပါးနှင့်** ပြည့်စုံ၏။

ဒူရေနိဒါန်း, အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်း တည်းဟူသော **နိဒါန်း (၃)ပါးနှင့်**လည်း ပြည့်စုံ၏။

ထိုနိဒါန်း (၃)ပါးနှင့် ပြည့်စုံသော အဘိဓမ္မာ ဒေသနာတော်သည် **ပကရဏ ပရိစ္ဆေဒ** အားဖြင့် ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်းဟူ၍ (၇)ပါး အပြားရှိ၏။

ထို (၇)ပါးတို့တွင် **ဓမ္မသင်္ဂဏီကျမ်း**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဓမ္မသင်္ဂဏီကျမ်း၌လည်း ကဏ္ဍအားဖြင့် . . . စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာကဏ္ဍဟူ၍ (၄)ပါး အပြားရှိ၏။

ထို (၄)ပါးတို့တွင် **စိတ္တုပ္ပါဒကဏ္ဍ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုစိတ္တုပ္ပါဒကဏ္ဍ၌လည်း မာတိကာ, ပဒဘာဇနီအားဖြင့် (၂)ပါး အပြားရှိ၏။

ထို (၂)ပါးတို့တွင် **မာတိကာ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုမာတိကာ၌လည်း တိကမာတိကာ, ဒုကမာတိကာအားဖြင့် (၂)ပါး အပြားရှိ၏။

ထို (၂)ပါးတို့တွင် **တိကမာတိကာ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုတိကမာတိကာ၌လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် (၂၂)ပါး အပြားရှိ၏။

ထို (၂၂)ပါးတို့တွင် **ကုသလတိက်**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလတိက်၌လည်း . . . ပဌမပဒ, ဒုတိယပဒ, တတိယပဒအားဖြင့် (၃)ပါး အပြားရှိ၏။

ထို (၃)ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား = **ကုသလာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏။ ဟောဟန်ကား = **အကုသလာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် တတိယပဒကို ဟောတော်မူ၏။ ဟောဟန်ကား = **အဗျာကတာ ဓမ္မာ** ဟူသည်တည်း။

**နိဒါန်းနှင့် ဟောပုံအစ ပြီးပါပြီ။**

=============

http://www.dhammadownload.com


# နိဒါန်းသုံးသပ်ချက်

**မာတိကာ နိဒါန်းလာ ဂါထာ . . .**

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။

**ဘုရား ဖြစ်လတ္တံ့–ဟူသော ပထမဦးဆုံး ဗျာဒိတ်စကားကို . . .**

* ဉာဏ်ကမ္ဘာမှ ပြန်၍ ရေသည့်ရှိသော် ကမ္ဘာတသိန်း အလွန်ရှိသော လေးသင်္ချေထက်၌
* သုမေဓာ ရသေ့ဘဝဖြင့်
* ဒီပင်္ကရာ မြတ်စွာဘုရား အထံမှ ကြားနာခဲ့ရ၏။

**သုမေဓာရသေ့၏ အကြံအစည် . . .**

ယောက်ျားမြတ်ဖြစ်လျက် တယောက်အထီးတည်း ကူးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဝေနေယျသတ္တဝါ အပေါင်းတို့ကို သံသရာတည်းဟူသော ရေအလျဉ်မှ ထုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တင်အံ့ဟု သုမေဓာရသေ့သည် ကြံစည်၏။

**သြဃလေးပါး . . .**

(၁) ကာမောဃ (၂) ဘဝေါဃ (၃) ဒိဋ္ဌောဃ (၄) အဝိဇ္ဇောဃ။

**နိဗ္ဗာန်ကို စွန့်လွှတ်ခြင်း (ဝါ) ဘုရားဆုပန်ခြင်း အကြောင်း . . .**

သုမေဓာရသေ့သည် သြဃလေးပါး၌ နစ်မွန်းမျောပါးကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့ကို သနားကြင်နာတော်မူလှသောကြောင့် လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်လွှတ်၏ (ဝါ) ဘုရားဆုပန်၏။

**ဗျာဒိတ်ရပြီးသော အလောင်းတော်သည် . . .**

* လေးသင်္ချေနှင့် ကမ္ဘာတသိန်း "ကာလ" ပတ်လုံး
* သုမေဓာရသေ့ အဖြစ်မှသည် ဝေဿန္တရာမင်း အဖြစ်တိုင်အောင် မရေတွက်နိုင်သော "ဘဝ" တို့၌
* ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးပါး–တည်းဟူသော "ကုသိုလ်ကောင်းမှု" တို့ကို ဖြည့်စွန့်တော်မူခဲ့ရ၏။

http://www.dhammadownload.com


- **အဓိပ္ပါယ်နှင့်တကွ ဒါနပါရမီ သုံးပါး . . .**

(၁) ရွှေ,ငွေ,ဆင်,မြင်း အစရှိသော အပဝတ္တုကို လှူခြင်းတည်းဟူသော ဒါနပါရမီ၊

(၂) ခြေ,လက်,နား,နှာခေါင်း အစရှိသည်ကို လှူခြင်းတည်းဟူသော ဒါနဥပပါရမီ၊

(၃) ကိုယ်,အသက်ကို လှူခြင်းတည်းဟူသော ဒါနပရမတ္ထပါရမီ။

- **အဓိပ္ပါယ်နှင့်တကွ စွန့်ခြင်းကြီး ငါးပါး . . .**

(၁) အလွန်ပြုနိုင်ခဲစွာသော ပဒေသရာဇ်, ကေရာဇ်, စကြာမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာကို စွန့်ခြင်းတည်းဟူသော ဓနပရိစ္စာဂ၊

(၂) သား,သမီးကို စွန့်ခြင်းတည်းဟူသော ပုတ္တပရိစ္စာဂ၊

(၃) မယားကို စွန့်ခြင်းတည်းဟူသော ဘရိယပရိစ္စာဂ၊

(၄) ခြေ,လက်,နား,နှာခေါင်း အစရှိသော အင်္ဂါကြီးငယ်ကို စွန့်ခြင်းတည်းဟူသော အင်္ဂပရိစ္စာဂ၊

(၅) ကိုယ်,အသက်ကို စွန့်ခြင်းတည်းဟူသော ဇီဝိတပရိစ္စာဂ။

ဆောင်။ ဓန, ပုတ္တာ၊ ဘရိယာ၊ အင်္ဂ စွန့်ပါ၊ ဇီဝိတာ။

- **"သွေး" လှူခြင်းသည် . . .**

ပါရမီအားဖြင့် ဒါနပရမတ္ထပါရမီ၊ ပရိစ္စာဂအားဖြင့် ဇီဝိတပရိစ္စာဂ။

- **ငါတို့ ဘုရားအလောင်းတော်သည် . . .**

* တုသိတာနတ်ပြည်၌

* သေတကေတု နတ်သားအမည်ဖြင့် နတ်တို့၏ စည်းစိမ်ကို ခံစားခဲ့၏။

- **အလောင်းတော် သေတကေတု နတ်သား၏ ဂုဏ် . . .**

နတ်တကာတို့ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း အစရှိသော အကြောင်းတို့ဖြင့် လွန်မြတ်သောဂုဏ် ရှိ၏။

- **အလောင်းတော် သေတကေတု နတ်သား၏ သက်တမ်း . . .**

* တုသိတာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင်၊

* ယာမာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်၊

http://www.dhammadownload.com


* တာဝတိံသာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တသောင်းခြောက်ထောင်၊
* စာတုမဟာရာဇ် နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်သုံးသောင်းနှစ်ထောင်၊
* လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း။

ဆောင်။ တုသိ, ယာမာ၊ ဝတိံသာ၊ စာတု စဉ်ခါထား။
လေးထောင် စဗျာ၊ တစ်ဆလာ၊ တိုးခါ စဉ်တွက်ထား။
ငါးဆယ့်ခုနစ်မှာ၊ ကုဋေပါ၊ လူဗျာ ခြောက်သန်းထား။

**အလောင်းတော် နတ်သားအား နတ်,ဗြဟ္မာအပေါင်းတို့က တောင်းပန်ပုံ . . .**

"အလောင်းမင်း၊ ဘုရားဖြစ်အံ့သောအခါ တန်ပါပြီ၊ လောကသုံးပါး၌ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာ လူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်တော်မူပါ"

**ဘုရားဖြစ်တော်မူပါဟု တောင်းပန်ကြသော ပုဂ္ဂိုလ်များ . . .**

တသောင်းသော စကြဝဠာတိုက်မှ နတ်,ဗြဟ္မာအပေါင်း။

**ကြည့်ခြင်းကြီး ငါးပါး . . .**

(၁) ကာလ (၂) ဒီပ (၃) ဒေသ (၄) ကုလ (၅) မာတုအာယုပရိစ္ဆေဒ။

ဆောင်။ ကာ, ဒီ, ဒေ, ကု၊ နောက် မာတု၊ ငါးခု ကြည့်ခြင်းထား။

**အလောင်းတော် သိဒ္ဓတ္ထ . . .**

| | |
|---|---|
| * ပဋိသန္ဓေ ယူတော်မူသောနေ့ | – ဝါဆိုလပြည့်နေ့၊ |
| ယှဉ်ရာနက္ခတ် | – အာသဠ္ဍနက္ခတ်၊ |
| ပဋိသန္ဓေ နေရသော ကာလ | – ဆယ်လ။ |
| * ဖွားတော်မူသောနေ့ | – ကဆုန်လပြည့်နေ့၊ |
| ယှဉ်ရာနက္ခတ် | – ဝိသာခါနက္ခတ်။ |
| * တိုင်းပြည် | – ကပိလဝတ်ပြည်၊ |
| လူမျိုး | – အာသမ္ဘိန္န ခတ္တိယ မင်းမျိုး၊ |
| ခမည်းတော် | – သုဒ္ဓေါဒနမင်းကြီး၊ |
| မယ်တော် | – မင်္ဂလာမဟာဒေဝီ မယ်တော်မာယာ။ |

http://www.dhammadownload.com


* ဘုရင်ဖြစ်သော အရွယ် (၁၆)
ရာဇာဘိသိက်ခံသော အရွယ် – တစ်ဆယ့်ခြောက်နှစ်အရွယ်၊
ကြင်ယာတော် မိဖုရား – ယသောဓရာ၊
အခြံအရံ မင်းသမီးအပေါင်း – လေးသောင်း၊
ထိုမင်းသမီးတို့၏ ရုပ်ဆင်း – ရွှေအဆင်းနှင့် တူသော အဆင်းရှိ၏၊
စံတော်မူရာ နန်းတော် – ရမ္မ,သုဘ,သုရမ္မ ရွှေနန်း (၃)ဆောင်။

## အလောင်းတော် သိဒ္ဓတ္ထ ခံစားခဲ့သော မင်းစည်းစိမ် . . .

တဆယ့်ခြောက်နှစ် အရွယ်၌ မင်းဆက်တကာ မစံဘူးသော ရမ္မ,သုဘ,သုရမ္မ တည်းဟူသော ရွှေနန်းသုံးဆောင်၌ ယသောဓရာ အမှူးရှိသော ရွှေအဆင်းနှင့် တူသော မင်းသမီးအပေါင်း လေးသောင်း ခြံရံလျက် နတ်၏ စည်းစိမ်နှင့် တူသော မင်း၏ စည်းစိမ်ကို ခံစားခဲ့၏။

## နိမိတ်ကြီး လေးပါး . . .

(၁) သူအို (၂) သူနာ (၃) သူသေ (၄) ရဟန်း။

## အလောင်းတော်နှင့် ဒုက္ကရစရိယာ . . .

ဒုက္ကရစရိယာ ကျင့်သောဘဝ – ရဟန်းဘဝ၊
ဒုက္ကရစရိယာ ကျင့်သောနှစ် – (၆) နှစ်။

## အလောင်းတော် သိဒ္ဓတ္ထ ဘုရားဖြစ်ခါနီး . . .

* ဘုဉ်းပေးခဲ့သော ဆွမ်း – နို့ဃနာဆွမ်း၊
* ဆွမ်းအလှူခံရာ ဌာန – အဇပါလ ညောင်ပင်ရင်း၊
* ဆွမ်းအလှူရှင် – သုဇာတာ သူဌေးသမီး၊
* ဆွမ်းဘုဉ်းပေးသော နေရာ – နေရဉ္ဇရာမြစ်နား။

## မဟာဗောဓိမဏ္ဍိုင်သို့ . . .

* ကြွတော်မူသော အချိန် – ညချမ်း (ညနေ) အချိန်၊
* ကြွတော်မူရာ လမ်း – နတ်တို့သည် စီရင်အပ်သော လမ်း၊
* ဝင်တော်မူရာ အရပ် – အရှေ့မြောက်ထောင့် (တစ်နည်း) အရှေ့အရပ်။

http://www.dhammadownload.com


**မဟာဗောဓိမဏ္ဍိုင်သို့ မဝင်ဘဲ . . .**

* ရပ်တော်မူခဲ့သော အရပ်များ – တောင်အရပ်, အနောက်အရပ်, မြောက်အရပ်၊
* မဝင်ခြင်း အကြောင်း – မြေကြီးစောင်းထောင် ရှိသောကြောင့်။

ဆောင်။ မြေကြီးစောင်းထောင်၊ မြောက်,နောက်,တောင်။

**အလောင်းတော် သိဒ္ဓတ္ထ၏ . . .**

* မြက်အလှူရှင် – သောတ္ထိယ မောင်ချမ်းသာ၊
* မြက်အရေအတွက် – မြက်ရှစ်ဆုပ်။

**အလောင်းတော် သိဒ္ဓတ္ထ . . .**

* အောင်ခဲ့သော မာရ် – ဒေဝပုတ္တမာရ်၊
* အောင်ခဲ့သော အချိန် – နေမဝင်မီ၊
* မာရ်အောင်ရာ, ဘုရားဖြစ်ရာ ဌာန – အပရာဇိတ ပလ္လင်ထက်၊
* ထိုပလ္လင်၏ ဂုဏ် – ရတနာခုနစ်ပါးဖြင့် ပြီး၏၊
* မာရ်အောင်စဉ်, ဘုရားဖြစ်တော်မူစဉ် နေတော်မူသော ဣရိယာပုထ – ထက်ဝယ်ဖွဲ့ခွေ နေခြင်းတည်းဟူသော ထိုင်ခြင်း ဣရိယာပုထ်။

**ယာမ်သုံးယာမ်နှင့် ရတော်မူခဲ့သော ဉာဏ်သုံးတန် . . .**

* ပုရိမယာမ် – ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊
* မဇ္ဈိမယာမ် – ဒိဗ္ဗစက္ခုဉာဏ်၊
* ပစ္ဆိမယာမ် – အာသဝက္ခယဉာဏ်။

ဆောင်။ ပု – ပုဗ္ဗေဖြစ်၊ မဇ္ဈေ – ဒိဗ္ဗ
ပစ္ဆိမ – အာ၊ ယာမ် – ဉာဏာ။

**သဗ္ဗညု ဘုရားရှင်တို့၏ အဓိက လုပ်ငန်းကိစ္စ . . .**

လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်တော်မူခြင်း ဖြစ်၏။

http://www.dhammadownload.com


**ဤမာတိကာနိဒါန်း၌ ဖော်ပြအပ်သော တန်ခိုးပြာဋိဟာတို့ကို . . .**

* ပြတော်မူရာ ကာလ – ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သော ကာလ၊
* ပြတော်မူရာ တိုင်းပြည် – သာဝတ္ထိပြည်၊
* ပြတော်မူရာ ဌာန – ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင်၏ အရင်း၊
* ပြတော်မူခြင်း အကြောင်း – တိတ္ထိတို့ကို နှိပ်နင်းတော်မူလိုသောကြောင့်၊
* တန်ခိုးပြာဋိဟာ အမျိုးအစား – ရေ,မီး အစုံအစုံ အစရှိသော တန်ခိုးပြာဋိဟာ။

**တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသော အဆုံး၌ . . .**

* သုံးဘဝါးသာ နင်းသဖြင့်
* တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၏။

**နတ်ပြည်၌ အဘိဓမ္မာ ဒေသနာတော်ကို . . .**

* ဟောသည့်နှစ်၌ ဘုရားဝါတော် – ခုနစ်ဝါ။
* ဟောတော်မူသည့် နတ်ပြည် – တာဝတိံသာ နတ်ပြည်၊
* ဟောတော်မူသည့် နေရာဌာန – ပင်လယ်ကသစ်ပင်၏ အရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၊
* တရားနာ ပရိသတ် – သန္တုသိတနတ်သား အမှူးပြုသော တသောင်းသော စကြာဝဠာတိုက်မှ နတ်,ဗြဟ္မာအပေါင်း၊
* ဟောတော်မူသည့် ဉာဏ် – သဗ္ဗညုတာဉာဏ်တော်၊
* ထိုဉာဏ်တော်၏ ဂုဏ် – အစွမ်းသုံးပါးနှင့် ပြည့်စုံခြင်းဂုဏ်၊
* အဘိဓမ္မာ ဒေသနာ၏ ဂုဏ် – လူ,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာကို ပေးနိုင်ခြင်း၊
* ဟောတော်မူသည့် အချိန်ကာလ – ဝါတွင်းသုံးလ။

**တာဝတိံသာ နတ်ပြည်၌ ရှိသော ဗုဒ္ဓစံတော်မူရာ . . .**

* သစ်ပင် – ပင်လယ်ကသစ်ပင်၊
* ကျောက်ဖျာ – ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ။

**အဘိဓမ္မာနှင့်တကွ နယသုံးပါး . . .**

(၁) အလွန်ကျယ်လွန်းသော နည်းရှိသော ဒေသနာတော်သည် ဝိတ္ထာရနယ၊
(၂) အလွန်ကျဉ်းလွန်းသော နည်းရှိသော ဒေသနာတော်သည် သခေ်ပနယ၊
(၃) မကျဉ်းမကျယ်လွန်းသော နည်းရှိသော ဒေသနာတော်သည် နာတိဝိတ္ထာရ နာတိသခေ်ပနယ။

**ဝိတ္ထာရနယကို . . .**

* ဟောတော်မူရာ ဒေသ – တာဝတိံသာ နတ်ပြည်၊
* ဟောသော ပုဂ္ဂိုလ် – မြတ်စွာဘုရား၊
* တရားနာ ပရိသတ် – သန္တုသိတနတ်သား အမှူးပြုသော တသောင်းသော စကြာဝဠာတိုက်မှ နတ်,ဗြဟ္မာအပေါင်း။

**သခေ်ပနယကို . . .**

* ဟောတော်မူရာ ဒေသ – စန္ဒကူးတော၊
* ဟောသော ပုဂ္ဂိုလ် – မြတ်စွာဘုရား၊
* တရားနာ ပရိသတ် – ရှင်သာရိပုတ္တရာ။

**နာတိဝိတ္ထာရ နာတိသခေ်ပနယကို . . .**

* ဟောတော်မူရာ ဒေသ – သက်သနဂိုရ်ပြည်၊
* ဟောသော ပုဂ္ဂိုလ် – ရှင်သာရိပုတ္တရာ၊
* တရားနာ ပရိသတ် – လင်းနို့သား ဖြစ်ဘူးသော ရဟန်းငါးရာ။

**စရိယသုံးပါး (အဘိဓမ္မာနှင့်တကွ)**

(၁) လောကတ္ထစရိယ – လောက အကျိုးငှာ ကျင့်ခြင်း၊
(၂) ဉာတတ္ထစရိယ – ဆွေမျိုးတို့၏ အကျိုးငှာ ကျင့်ခြင်း၊
(၃) ဗုဒ္ဓတ္ထစရိယ – ဘုရားဖြစ်ခြင်း အကျိုးငှာ ကျင့်ခြင်း။

6A

http://www.dhammadownload.com


**နိဒါန်းနှစ်ပါး . . .** (၁) အဝိဂမနိဒါန်း (၂) ဒေသနာနိဒါန်း။

**နိဒါန်းသုံးပါး . . .** (၁) ဒူရေနိဒါန်း (၂) အဝိဒူရေနိဒါန်း (၃) သန္တိကေနိဒါန်း။

ဆောင်။ အဝိ, ဒေသ၊ "နိ"နှစ်ဝ၊ ဒူ, အ, သန္တိကာံ။

**အဘိဓမ္မာ (၇)ကျမ်း . . .**

(၁) ဓမ္မသင်္ဂဏီကျမ်း (၂) ဝိဘင်းကျမ်း (၃) ဓာတုကထာကျမ်း (၄) ပုဂ္ဂလပညတ်ကျမ်း

(၅) ကထာဝတ္ထုကျမ်း (၆) ယမိုက်ကျမ်း (၇) ပဋ္ဌာန်းကျမ်း။

ဆောင်။ ဓမ်, ဝိ, ဓာ, ပုဂ်၊ ကထာ, ထုတ်–ယ၊ ပဋ္ဌာန။

**ဤတိကမာတိကာသည် . . .**

* ပိဋကတ်အားဖြင့် – အဘိဓမ္မာပိဋကတ်၊

* ကျမ်းအားဖြင့် – ဓမ္မသင်္ဂဏီကျမ်း၌ ပါဝင်၏။

**ကဏ္ဍကြီး (၄) ကဏ္ဍ . . .**

(၁) စိတ္တုပ္ပါဒကဏ္ဍ (၂) ရူပကဏ္ဍ (၃) နိက္ခေပကဏ္ဍ (၄) အဋ္ဌကထာကဏ္ဍ။

ဆောင်။ စိတ်, ရူ, နိက္ခေ၊ အဋ္ဌနေ၊ ဟောလေ လေးကဏ္ဍ။

**မာတိကာနှစ်ပါး . . .**

(၁) တိကမာတိကာ (၂) ဒုကမာတိကာ။

## နိဒါန်းသုံးသပ်ချက် ပြီးပါပြီ ။

## တိက် (၂၂) တိက် အချုပ်

ကု, ဝေဒနာ၊ ဝိ, ဥ ဖက်လို့၊ သံ, တက်နှင့် ပီ, ဒ, ဟေ၊

အာ, သေက်တွင်၊ ပ နှစ်ခု၊ ဟောမူ မသွေ။

ဟိ, မိ, မ၊ ဥပ္ပန္နေ၊ တိ နှစ်ထွေ, အဇ်ဒွေး။

သ, တတန်၊ "ဗာဝီတိက်"ကို၊ ခဲကြိတ်လို့တွေး။

6B

http://www.dhammadownload.com


(၁) ကုသလတိက် (၂) ဝေဒနာတိက် (၃) ဝိပါကတိက်
(၄) ဥပါဒိန္နတိက် (၅) သံကိလိဋ္ဌတိက် (၆) ဝိတက္ကတိက်
(၇) ပီတိတိက် (၈) ဒဿနတိက် (၉) ဒဿနဟေတုတိက်
(၁၀) အာစယဂါမိတိက် (၁၁) သေက္ခတိက် (၁၂) ပရိတ္တတိက်
(၁၃) ပရိတ္တာရမ္မဏတိက် (၁၄) ဟီနတိက် (၁၅) မိစ္ဆတ္တတိက်
(၁၆) မဂ္ဂါရမ္မဏတိက် (၁၇) ဥပ္ပန္နတိက် (၁၈) အတီတတိက်
(၁၉) အတီတာရမ္မဏတိက် (၂၀) အဇ္ဈတ္တတိက် (၂၁) အဇ္ဈတ္တာရမ္မဏတိက်
(၂၂) သနိဒဿနတိက်အားဖြင့် ၂၂–တိက်ရှိ၏ဟု အချိုးဆောင်ပုဒ်နှင့် တိုက်ဆိုင်၍ ရေတွက်တော်မူပါ။

## ၁–ကုသလတိက်

ပဌမပဒ – ကုသလာ ဓမ္မာ၊
ဒုတိယပဒ – အကုသလာ ဓမ္မာ၊
တတိယပဒ – အဗျာကတာ ဓမ္မာ။

(ပ) ကုသလာ–အနဝဇ္ဇသုခဝိပါကလက္ခဏာ – အပြစ် မရှိခြင်း, ကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်သော၊ ဓမ္မာ–နိဿတ္တနိဇ္ဇီဝသဘာဝါ – သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ – ရှိကုန်၏။

(ဒု) အကုသလာ–သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ – အပြစ်နှင့် တကွဖြစ်ခြင်း, မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်သော၊ ဓမ္မာ–နိဿတ္တနိဇ္ဇီဝသဘာဝါ – သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ–ရှိကုန်၏။

(တ) အဗျာကတာ–ကုသလာကုသလဘာဝေန အကထိတာ အညဘာဝေန ကထိတာ – ကုသိုလ် အကုသိုလ်တို့၏ အဖြစ်အားဖြင့်ကား မဟောကြားအပ်ကုန်, တပါးသော အဖြစ်အားဖြင့်သာ ဟောကြားအပ်ကုန်သော၊ ဓမ္မာ–နိဿတ္တနိဇ္ဇီဝသဘာဝါ – တို့သည်၊ သံဝိဇ္ဇန္တိ–ရှိကုန်၏။

http://www.dhammadownload.com


## ၁–အရကောက်ဇယား

| ပဒ | အရကောက်တရား | ခ | အာ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | ကု–၂၁၊ စေ–၃၈ | ၄ | ၂ | ၂ | ၂ | ၂၉/.. |
| ဒု | အကု–၁၂၊ စေ–၂၇ | ၄ | ၂ | ၂ | ၂ | × |
| တ | ဝိ–၃၆၊ ကြိ–၂၀၊ စေ–၃၈၊ ရုပ်–၂၈၊ နိဗ္ဗာန် | ၅ | ၁၂ | ၁၈ | ၂ | ../၃၇ |

အမှာ။ ဇယားကွက်၌ သင်္ကေတအားဖြင့် ဖော်ပြထားသော ခ–ကို ခန္ဓာ၊ အာ–ကို အာယတန၊ ဓ–ကို ဓာတ်၊ သ–ကို သစ္စာ၊ ဝိ–ကို သစ္စဝိမုတ်ဟု မှတ်တော်မူပါ။

## ၁–အရကောက်လင်္ကာ

❖ ပ,ပုဒ် ကုသိုလ်၊ နှစ်တစ် ဆို၊ စေ–ကို သုံးရှစ်ထား။

❖ ဒု, အကုသိုလ်၊ ဆယ့်နှစ် ဆို၊ စေ–ကို နှစ်ခွန်ထား။

❖ တ,ပုဒ် ဝိ–ကို၊ သုံးခြောက် ဆို၊ ကြိ–ကို နှစ်ဆယ်သွား၊
စေ–သုံးရှစ်ကို၊ ရုပ်+နိ ဆို၊ မည်ကို "**ကုတိက်**"ထား။

## လင်္ကာ၌ အထူးမှတ်တော်မူ

လင်္ကာ၌ စိတ်၊ စေ၊ ရုပ်၊ ကု၊ အကု၊ ဝိ၊ ကြိ–ဟူ၍ သင်္ချာမပါဘဲ သာမညမျှသာ ဖွဲ့စီထားသည်ကို တွေ့မြင်တိုင်း စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ ကု–၂၁၊ အကု–၁၂၊ ဝိ–၃၆၊ ကြိ ၂၀–ဟူ၍ သင်္ချာသရုပ် ဖော်ထုတ်တော်မူပါ။

သတိ။ ပရမတ္ထတရား လေးပါးတို့ကို သုံးစုပြု၍ ဟောရပေါကြောင်း ဖြစ်သောကြောင့် (တိက) တိက်မည်၏။

===============

## ၂–ဝေဒနာတိက်

ပဌမပဒ – သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊
ဒုတိယပဒ – ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊
တတိယပဒ – အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။

http://www.dhammadownload.com


(ပ) သုခါယ – သုခဖြစ်သော၊ ဝေဒနာယ – ဝေဒနာနှင့်၊ သမ္ပယုတ္တာ – အညီအညွတ် ကော့ပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(ဒု) ဒုက္ခာယ – ဒုက္ခဖြစ်သော၊ ဝေဒနာယ – နှင့်၊ သမ္ပယုတ္တာ – ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ)

(တ) အဒုက္ခမသုခါယ – ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော (ဝါ) ဒုက္ခမှလည်း တပါး, သုခမှလည်း တပါးသော၊ ဝေဒနာယ – နှင့်၊ သမ္ပယုတ္တာ – ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

## ၂–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | သုခသဟဂုတ်စိတ်–၆၃၊ ဝေ,ဒေါစတုတ်–၄,ဝိစိကြဉ် စေ–၄၆ | ၃ | ၂ | ၃ | ၃ | ၂၈/၃၆ |
| ဒု | ဒုက္ခသဟဂုတ်စိတ်–၃၊ ဝေ,ပိ,လောတြိ–၃,ဝိစိကြဉ် စေ–၂၁ | ၃ | ၂ | ၃ | ၁ | × |
| တ | ဥပေက္ခာသဟဂုတ်စိတ်–၅၅၊ ဝေ,ပိ,ဒေါစတုတ် ၄–ကြဉ် စေ–၄၆ | ၃ | ၂ | ၄ | ၃ | ၂၆/၃၃ |
| မ | သုခဝေဒနာ–၆၃၊ ဒုက္ခဝေဒနာ–၃၊ ဥပေက္ခာဝေဒနာ–၅၅၊ ရုပ်–၂၈၊ နိဗ္ဗာန် | | | | | |

သတိ။ ဇယားအောက်ဆုံးကွက်၌ ဖော်ပြထားသော မ–ကို တိက်မုတ်–ဟု မှတ်တော်မူပါ။ ပဒ ၃–ခုတို့မှ လွတ်သော တရားသည် (တိကမုတ္တဓမ္မ) တိက်မုတ်တရား မည်၏။

## ၂–အရကောက်လင်္ကာ

❖ သု–ခြောက်သုံးဟော၊ ဝေ, စတုတ်ဒေါ၊ ကြဉ်ပြော စိ–စေ၊ လေးခြောက်နေ။
❖ ဒု–သုံးပါးဟော၊ ဝေ, ပိတော၊ တြိလော, စိ–စေ၊ နှစ်တစ်နေ။
❖ ဥ–ငါးငါးဟော၊ ဝေ, ပိတော၊ စတုတ်ဒေါ ကြဉ်စေ၊ လေးခြောက်နေ။
❖ သု,ဒု–ဝေဟော၊ ဥ–ဝေပြော၊ ရုပေါ်, နိဗ္ဗေ၊ တိက်မုတ် "ဝေ"။

အမှာ။ ဒေါစတုတ် ၄–ပါးဟူသည် = ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄–ပါးသာတည်း။
လောတြိ ၃–ပါးဟူသည် = လောဘ, ဒိဋ္ဌိ, မာန ၃–ပါးသာတည်း။

http://www.dhammadownload.com


# ဝေဒနာတိတ်ထယ် ကြည့်ရှုဘွယ်

## ပ,ပဒ သစ္စာဖွဲ့ပုံ

လောကီ သုခသဟဂုတ်စိတ် ၃၁–ခု, လောဘကြဉ်သော စေတသိက် ၄၅–ပါးသည် ဒုက္ခသစ္စာ။ လောဘသည် သမုဒယသစ္စာ။ မဂ်သုခသဟဂုတ်စိတ် ၁၆–ခု၌ ရှိသော သမ္မာဒိဋ္ဌိ (ပ) အရဟတ္တမဂ် ရှစ်ပါး, ခုနစ်ပါးသည် မဂ္ဂသစ္စာ။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈–ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၆–ခုသည် သစ္စဝိမုတ်။

## မဂ်စိတ္တုပ္ပါဒ် (၂၈)ခု ယူနည်း

မဂ်သုခသဟဂုတ်စိတ် ၁၆–ခု၌ ဝေဒနာကြဉ် စေ ၃၅–ပါး ယှဉ်၏။ ထို ၃၅–ပါးထဲမှ မဂ္ဂသစ္စာ ဖွဲ့ရသော မဂ္ဂင်တရားကိုယ် စေ ၈–ပါးကို နုတ်၊ စေ ၂၇–ပါး ကျန်၏။ ထိုစေ ၂၇–ထဲသို့ မဂ်သုခသဟဂုတ်စိတ် ၁၆–ခုကို အာရုံကို သိခြင်း (အာရမ္မဏဝိဇာနန) လက္ခဏာအားဖြင့် တူသောကြောင့် တစ်ခုတည်း ပြု၍ ထည့်၊ မဂ်စိတ္တုပ္ပါဒ် ၂၈–ခု ဖြစ်၏။

## ဖိုလ်စိတ္တုပ္ပါဒ် (၃၆)ခု ယူနည်း

ဖိုလ်သုခသဟဂုတ်စိတ် ၁၆–ခု၌လည်း စေ ၃၅–ပါးပင် ယှဉ်၏။ ဖိုလ်စိတ်၌ ရှိသော မဂ္ဂင်တရားကိုယ် စေ ၈–ပါးကို မဂ္ဂသစ္စာ မဖွဲ့ရသောကြောင့် နုတ်ဘွယ်မလို။ ဖိုလ်သုခသဟဂုတ် စိတ် ၁၆–ခုကို အာရုံကို သိခြင်း (အာရမ္မဏဝိဇာနန) လက္ခဏာအားဖြင့် တူသောကြောင့် တစ်ခု တည်း ပြု၍ စေ ၃၅–ထဲသို့ ထည့်၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆–ခု ဖြစ်၏။

## တ,ပဒ သစ္စာဖွဲ့ပုံ

လောကီ ဥပေက္ခာသဟဂုတ်စိတ် ၄၇–ခု, လောဘကြဉ်သော စေတသိက် ၄၅–ပါးသည် ဒုက္ခသစ္စာ။ လောဘသည် သမုဒယသစ္စာ။ မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄–ခု၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ–ဟု ဆိုအပ်သော သောတာပတ္တိမဂ် ခုနစ်ပါး (ပ) အရဟတ္တမဂ် ခုနစ်ပါးသည် မဂ္ဂသစ္စာ။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၆–ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၃–ခုသည် သစ္စဝိမုတ်။

http://www.dhammadownload.com


## မဂ်စိတ္တုပ္ပါဒ် (၂၆)ခု ယူနည်း

မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄–ခု၌ (ပဥ္စမဈာန် ဖြစ်၍) ဝေ,တက်,စာ,ပီတိကြဉ် စေ–၃၂ ယှဉ်၏။ ထိုစေ ၃၂–ပါးထဲမှ သမ္မာသင်္ကပ္ပ မဂ္ဂင်ထိုက်သော ဝိတက်မှတစ်ပါး မဂ္ဂင်တရားကိုယ် စေ ၇–ပါးကို နုတ်၊ စေ ၂၅–ပါး ကျန်၏။ မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄–ခုကို တစ်ခုတည်း ပြု၍ ထိုစေ ၂၅–ပါးထဲသို့ ထည့်၊ မဂ်စိတ္တုပ္ပါဒ် ၂၆–ခု ဖြစ်၏။

## ဖိုလ်စိတ္တုပ္ပါဒ် (၃၃)ခု ယူနည်း

ဖိုလ်ဥပေက္ခာသဟဂုတ်စိတ် ၄–ခု၌လည်း ဝေ,တက်,စာ,ပီတိကြဉ် စေ ၃၂–ပါး ယှဉ်၏။ ဖိုလ်စိတ် ၄–ခုကို တစ်ခုတည်း ပြု၍ ထိုစေ ၃၂–ပါးထဲသို့ ထည့်၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၃–ခု ဖြစ်၏။

## မဂ်ခုနစ်ပါး

တတိယပဒ၏ အရကောက်ဖြစ်သော မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄–ခု၌ ဝေ,တက်, စာ,ပီတိကြဉ် စေ ၃၂–ပါး ယှဉ်၏။ ထိုတွင် သမ္မာသင်္ကပ္ပ မဂ္ဂင်ထိုက်သော ဝိတက်ကို ကြဉ်ထားသောကြောင့် သောတာပတ္တိမဂ် ခုနစ်ပါး (ပ) အရဟတ္တမဂ် ခုနစ်ပါးဟု ဆို၏။

================

## ၃–ဝိပါကတိက်

ပ – ဝိပါကာ ဓမ္မာ၊

ဒု – ဝိပါက ဓမ္မဓမ္မာ၊

တ – နေဝ ဝိပါက န ဝိပါက ဓမ္မဓမ္မာ။

(ပ) ဝိပါကာ – အချင်းချင်းထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်သော၊ ဓမ္မာ – တို့သည်၊ (သံဝိဇ္ဇန္တိ – ကုန်၏။)

(ဒု) ဝိပါကဓမ္မဓမ္မာ – အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်သော သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ (သံဝိဇ္ဇန္တိ – ကုန်၏။)

(တ) နေဝဝိပါကနဝိပါကဓမ္မဓမ္မာ – အချင်းချင်းထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘော ရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ (သံဝိဇ္ဇန္တိ – ကုန်၏)

http://www.dhammadownload.com


## ၃–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | ဝိ–၃၆၊ စေ–၃၈ | ၄ | ၂ | ၈ | ၁ | ../၃၇ |
| ဒု | အကု–၁၂၊ ကု–၂၁၊ စေ–၅၂ | ၄ | ၂ | ၂ | ၃ | ၂၉/.. |
| တ | ကြိ–၂၀၊ စေ–၃၅၊ ရုပ်–၂၈၊ နိ | ၅ | ၁၂ | ၁၃ | ၂ | × |

## ၃–အရကောက်လင်္ကာ

❖ ဝိ–သုံးခြောက်ဖြစ်၊ စေ–သုံးရှစ်၊ 'ပ'ချစ် "ဝိ"တိုက်ပြု။

❖ အကု–ဆယ့်နှစ်၊ ကု–နှစ်တစ်၊ စေချစ် ငါးနှစ်'ဒု'။

❖ ကြိနှင့် စေဖြစ်၊ သုံးငါး ဟစ်၊ ရုပ်ချစ်+နိ 'တ'ရှု။

================

## ၄–ဥပါဒိန္နတိက်

ပ – ဥပါဒိန္နုပါဒါနိယာ ဓမ္မာ၊

ဒု – အနုပါဒိန္နုပါဒါနိယာ ဓမ္မာ၊

တ – အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ။

(ပ) ဥပါဒိန္နုပါဒါနိယာ – အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သည် ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွား ဖြစ်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(ဒု) အနုပါဒိန္နုပါဒါနိယာ – အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်သည် ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားသာ ဖြစ်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(တ) အနုပါဒိန္နအနုပါဒါနိယာ – အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည်လည်း မဟုတ်, ဥပါဒါန်တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

http://www.dhammadownload.com



## ၄–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | ကိဝိ–၃၂၊ စေ–၃၅၊ ကမ္မဇရုပ်–၂၀ | ၅ | ၁၁ | ၁၇ | ၁ | × |
| ဒု | အကု–၁၂၊ ကိကု–၁၇၊ ကြိ–၂၀၊ စေ–၅၂<br>စိတ္တဇရုပ်–၁၇၊ ဥတုဇရုပ်–၁၅၊ အာဟာရဇရုပ်–၁၄ | ၅ | ၇ | ၈ | ၂ | × |
| တ | ကုတ်–၈၊ စေ–၃၆၊ နိ | ၄ | ၂ | ၂ | ၂ | ၂၉/၃၇ |

## ၄–အရကောက်လင်္ကာ

❖ "ပါဒိန္နာ" ပ,မေး၊ ကိဝိ တွေ့၊ ဖြေပေး သုံးနှစ်လာ၊
စေ–သုံးငါးရေး၊ ကမ်ရုပ် တွေ့၊ ဖြေပေး နှစ်ဆယ်သာ။

❖ ဒု, အကုမေး၊ ဆယ့်နှစ် တွေ့၊ ဖြေပေး ကိကုလာ၊
ဆယ့်ခွန်, ကြိမေး၊ နှစ်ဆယ် တွေ့၊ 'စေ'ရေး တိရုပ်*သာ။

❖ တ,ကုတ် စေမေး၊ သုံးခြောက် တွေ့၊ ဖြေပေး နိဗ္ဗာန်သာ။

အမှာ။ လင်္ကာ၌ ရေးထားသော = တိရုပ်*ဟူသည် စိတ္တဇရုပ်–၁၇၊ ဥတုဇရုပ်–၁၅၊ အာဟာရဇရုပ် ၁၄–ပါးဟူသော တိဇရုပ် သုံးမျိုးကို ဆိုလိုပါ၏။

### ဥပါဒိန္နတိက်ဝယ် ကြည့်ရှုဘွယ်

## ရုပ်လေးမျိုး

ကမ္မဇရုပ်–၂၀၊ စိတ္တဇရုပ်–၁၇၊ ဥတုဇရုပ်–၁၅၊ အာဟာရဇရုပ် ၁၄–ဟူ၍ ရုပ် ၄–မျိုး ရှိ၏။

ဆောင်။ ကမ္မ နှစ်ဆယ်၊ စိတ်ဝယ် ဆယ့်ခွန်၊
ဥ–ညွှန် ဆယ့်ငါး၊ မှတ်သား ဟာရ၊ ဆယ့်လေးဖြာရှင့်။

## ပ,ပဒ အာယတန ဖွဲ့ပုံ

ကမ္မဇရုပ် ဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ (ပ) ကာယပသာဒသည် ကာယာယတန မည်၏။ ရူပါရုံသည် ရူပါယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ ရသာရုံသည် ရသာယတန မည်၏။ ပထဝီ,တေဇော,ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာယတန မည်၏။ လောကီဝိပါက်စိတ် ဇာတ္တိုသသည် မနာယတန မည်၏။ စေတသိက် ပဥ္စတိုသ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဥပစယ, သန္တတိအားဖြင့် (တစ်နည်းကား) ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် ၉–ခု, ၁၁–ခုသည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၁၁–ပါး ဖြစ်သတည်း။

## ဒု,ပဒ အာယတန ဖွဲ့ပုံ

တိဇရုပ်တို့တွင် ရူပါရုံသည် ရူပါယတန မည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ ရသာရုံသည် ရသာယတန မည်၏။ ပထဝီ,တေဇော,ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ အကုသိုလ် ဒွါဒသ, လောကီကုသိုလ် သတ္တရသ, ကြိယာစိတ် ဝိသသည် မနာယတန မည်၏။ စေတသိက် ဒွေပညာသ၊ အာပေါ, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိအားဖြင့် (တစ်နည်းကား) ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် ၁၀–ခု, ၁၂–ခုသည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၇–ပါး ဖြစ်သတည်း။

မေး။ အဘယ့်ကြောင့် အာယတန,ဓာတ် ဖွဲ့ရာဝယ် ပ,ပဒ၌ သုခုမရုပ် ၉–ခု, ၁၁–ခုဟူ၍လည်းကောင်း၊ ဒု,ပဒ၌ သုခုမရုပ် ၁၀–ခု, ၁၂–ခုဟူ၍လည်းကောင်း ဆိုရသနည်း။

ဖြေ။ ရုပ်တို့၏ တည်ဆဲ,ပျက်ဆဲ ခဏ၌ ဇရတာ, အနိစ္စတာဟူသော လက္ခဏာရုပ် ၂–ပါးတို့ကို ကိစ္စဗျာပါရ မကင်းသင့်၍ ထည့်သွင်း ရေတွက်သောကြောင့် ပ,ပဒ၌ သုခုမရုပ် ၁၁–ခု, ဒု,ပဒ၌ သုခုမရုပ် ၁၂–ခုဟူ၍ ဆို၏။

ရုပ်တို့၏ ဖြစ်စခဏ၌ကား ထိုဇရတာ, အနိစ္စတာဟူသော လက္ခဏာရုပ် ၂–ပါးတို့ကို မလိုအပ်၍ မထည့်သွင်းသောကြောင့် ပ,ပဒ၌ သုခုမရုပ် ၉–ခု, ဒု,ပဒ၌ သုခုမရုပ် ၁၀–ခုဟူ၍ ဆို၏။

အလှအတွက် မှန်ကြည့်သလို
ဘဝအတွက် စာကြည့်ပါ။

http://www.dhammadownload.com



## ၅–သံကိလိဋ္ဌတိက်

ပ – သံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ၊

ဒု – အသံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ၊

တ – အသံကိလိဋ္ဌ အသံကိလေသိကာ ဓမ္မာ။

(ပ) သံကိလိဋ္ဌသံကိလေသိကာ – ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(ဒု) အသံကိလိဋ္ဌသံကိလေသိကာ – ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည် မဟုတ်ကုန်သည် ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာသာ ထိုက်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(တ) အသံကိလိဋ္ဌအသံကိလေသိကာ – ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း မဟုတ်, ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်သည်လည်း မဟုတ်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

## ၅–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | အကု–၁၂၊ စေ–၂၇ | ၄ | ၂ | ၂ | ၂ | × |
| ဒု | ကီကု–၁၇၊ ကီဝိ–၃၂၊ ကြိ–၂၀၊ စေ–၃၈၊ ရုပ်–၂၈ | ၅ | ၁၂ | ၁၈ | ၁ | × |
| တ | ကုတ်–၈၊ စေ–၃၆၊ နိ | ၄ | ၂ | ၂ | ၂ | ၂၉/၃၇ |

## ၅–အရကောက်လင်္ကာ

❖ အကု ဆယ့်နှစ်နေ၊ နှစ်ခွန်–စေ၊ တိကေ "ကိလိဋ္ဌ"၊ ပ,ပုဒ်ရှိ။

❖ ကီကု မှတ်လေ၊ ဆယ့်ခွန်နေ၊ ရှာဖွေ ကီဝိ၊ သုံးနှစ်ညှိ၊
ကြိ နှစ်ဆယ်နေ၊ သုံးရှစ်–စေ၊ ရူပေ ကောက်ညှိ၊ ဒု,ပုဒ်ရှိ။

❖ လောကုတ် ရှစ်နေ၊ သုံးခြောက်–စေ၊ နိဗ္ဗေ ကောက်ညှိ၊ တ,ပုဒ်ရှိ။

===============

http://www.dhammadownload.com


## ၆–ဝိတက္ကတိက်

ပ – သဝိတက္က သဝိစာရ ဓမ္မာ၊

ဒု – အဝိတက္က ဝိစာရမတ္တာ ဓမ္မာ၊

တ – အဝိတက္က အဝိစာရ ဓမ္မာ။

(ပ) သဝိတက္ကသဝိစာရ – ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွ ဖြစ်ကုန်သော၊

(ဒု) အဝိတက္ကဝိစာရမတ္တာ – ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်သော၊ . . .

(တ) အဝိတက္ကအဝိစာရ – ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်သော၊ . . .

## ၆–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | သဝိတက္ကသဝိစာရစိတ်–၅၅၊ တက်,စာကြဉ် စေ–၅၀ | ၄ | ၂ | ၃ | ၃ | ၂၈/၃၅ |
| ဒု | ဒုတိယဈာန်စိတ်–၁၁၊ တက်,စာကြဉ် စေ–၃၆၊<br>သဝိတက္ကသဝိစာရစိတ် ၅၅–၌ ရှိသော ဝိတက်စေ–၅၅ | ၄ | ၂ | ၂ | ၂ | ၂၈/၃၅<br>၄ |
| တ | အဝိတက္ကအဝိစာရစိတ်–၅၅၊ တက်,စာကြဉ် စေ–၃၆၊<br>ဒုဈာန် ၁၁–၌ ရှိသော ဝိစာရစေ–၁၁၊ ရုပ်–၂၈၊ နိဗ္ဗာန် | ၅ | ၁၂ | ၁၇ | ၃ | ၂၈/၃၅<br>၈ |
| မ | သဝိတက္ကသဝိစာရစိတ် ၅၅–ခု၌ ရှိသော ဝိစာရစေ–၅၅ | | | | | |

## ၆–အရကောက်လင်္ကာ

❖ ''ပ''စိတ် တက်+စာ၊ ငါးငါးသာ၊ တက်,စာ ကြဉ်ဖယ်၊ စေ–ငါးဆယ်။

❖ ''ဒု'' ဒု–ဈာန၊ ဆယ့်တစ်သာ၊ တက်,စာ ကြဉ်ဖယ်၊ သုံးခြောက်ရွယ်၊
တက်စာ–စိတ်မှာ၊ ရှိ တက္က၊ စေမှာ ကောက်ကွယ်၊ ငါးငါးရွယ်။

❖ ''တ'' အစိတ္တာ၊ ငါးငါးသာ၊ တက်,စာ ကြဉ်ဖယ်၊ သုံးခြောက်ရွယ်၊
ဒုဈာန်စိတ်မှာ၊ ရှိ စာရ၊ ကောဒသ်ကွယ်၊ ရုပ်+နိရွယ်။

❖ တိက်မုတ် ထုတ်ဗျာ၊ 'သ'စိတ်မှာ၊ ရှိ စာ–စေကွယ်၊ ငါးငါးရွယ်။

http://www.dhammadownload.com



## ဝိတက်တိက်ဝယ် ကြည့်ရှုဘွယ်

### ပ,ပဒ သစ္စာဖွဲ့ပုံ

လောကီ သဝိတက္ကသဝိစာရစိတ် ၄၇-ခု, လောဘကြဉ်သော စေ ၄၉-သည် ဒုက္ခသစ္စာ။ လောဘသည် သမုဒယသစ္စာ။ မဂ်သဝိတက္ကသဝိစာရစိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ,သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ခုနစ်ပါး (ပ) အရဟတ္တမဂ် ခုနစ်ပါးသည် မဂ္ဂသစ္စာ။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည် သစ္စဝိမုတ်။

### ဒု,ပဒ သစ္စာဖွဲ့ပုံ

လောကီ ဒုတိယဈာန်စိတ် ၃-ခု, စေ-၃၃, လောကီ ဝိတက် ၄၇-ခုသည် ဒုက္ခသစ္စာ။ မဂ်ဒုတိယဈာန်စိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ,သမ္မာဝါစာ (ပ) အရဟတ္တမဂ် ခုနစ်ပါးသည်၎င်း၊ မဂ်ပဌမဈာန်စိတ် ၄-ခု၌ ရှိသော ဝိတက် စေတသိက်တည်းဟူသော သမ္မာသင်္ကပ္ပ မဂ္ဂင်ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၁-ပါး (ပ) အရဟတ္တမဂ် ၁-ပါးသည်၎င်း မဂ္ဂသစ္စာ။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်၎င်း၊ ဖိုလ်ပဌမဈာန်စိတ် ၄-ခု၌ ရှိသော ဝိတက် စေတသိက် ၄-ခုသည်၎င်း သစ္စဝိမုတ်။

### တ,ပဒ သစ္စာဖွဲ့ပုံ

လောကီ အဝိတက္ကအဝိစာရစိတ် ၃၁-ခု, စေ-၃၃, လောကီ ဝိစာရ ၃-ခု, ရုပ် ၂၈-ခု သည် ဒုက္ခသစ္စာ။ နိဗ္ဗာန်သည် နိရောဓသစ္စာ။ မဂ်အဝိတက္ကအဝိစာရစိတ် ၁၂-ခု၌ ရှိသော သမ္မာဒိဋ္ဌိ,သမ္မာဝါစာ (ပ) အရဟတ္တမဂ် ခုနစ်ပါးသည် မဂ္ဂသစ္စာ။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်၎င်း၊ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈-ခု၌ ရှိသော ဝိစာရ စေတသိက် ၈-ခုသည်၎င်း သစ္စဝိမုတ်။

==================

ဆရာတပည့်၊ ကျေးဇူးသိ
ကြီးဘိ လွန်ကဲ၊ ချမ်းသာမြဲ။

http://www.dhammadownload.com



## ၇–ပီတိတိက်

ပ – ပီတိသဟဂတာ ဓမ္မာ၊

ဒု – သုခသဟဂတာ ဓမ္မာ၊

တ – ဥပေက္ခာသဟဂတာ ဓမ္မာ။

(ပ) ပီတိသဟဂတာ – ပီတိနှင့် တကွဖြစ်ကုန်သော (ဝါ) ပီတိနှင့် ကေ့ပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော (ဝါ) ပီတိနှင့်တကွ ကေ့ပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(ဒု) သုခသဟဂတာ – သုခဝေဒနာနှင့် တကွဖြစ်ကုန်သော (ဝါ) ကုန်သော (ဝါ) ကုန်သော၊

(တ) ဥပေက္ခာသဟဂတာ – ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်သော (ဝါ) ကုန်သော (ဝါ) ကုန်သော၊ . . .

## ၇–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | ပီတိသဟဂုတ်စိတ်–၅၁၊ ပီ,ဒေါ်စတုတ်–၄,ဝိစိကြဉ် စေ–၄၆ | ၄ | ၂ | ၂ | ၃ | ၂၈/၃၆ |
| ဒု | သုခသဟဂုတ်စိတ်–၆၃၊ ဝေ,ဒေါ်စတုတ်–၄,ဝိစိကြဉ် စေ–၄၆ | ၃ | ၂ | ၃ | ၃ | ၂၈/၃၆ |
| တ | ဥပေက္ခာ ...... စိတ်–၅၅၊ ဝေ,ပီ,ဒေါ်စတုတ် ၄–ကြဉ် စေ–၄၆ | ၃ | ၂ | ၇ | ၃ | ၂၆/၃၃ |
| မ | သုခသဟဂုတ် ကာယဝိညာဉ်, စတုတ္ထဈာန်စိတ် ကောဒသဉ်ှ ရှိသော သုခဝေဒနာ–၁၂။ ဥပေက္ခာဝေဒနာ–၅၅၊ ဒုက္ခသဟဂုတ်စိတ်–၃၊ စေ–၂၂၊ ရုပ်–၂၈၊ နိဗ္ဗာန် | | | | | |

## ၇–အရကောက်လင်္ကာ

❖ ပီ–ငါးတစ်ဟော၊ ပီ, စတုတ်ဒေါ်၊ ကြဉ်ပြော'ဝိ'စေ၊ လေးခြောက်နေ။

❖ သု–ခြောက်သုံးဟော၊ ဝေ, စတုတ်ဒေါ်၊ ကြဉ်ပြော'ဝိ'စေ၊ လေးခြောက်နေ။

❖ ဥ–ငါးငါးဟော၊ ဝေ, ပီတော၊ စတုတ်ဒေါ် ကြဉ်စေ၊ လေးခြောက်နေ။

❖ သုခကာယော၊ စ,ဈာနော၊ ရှိသော သုဝေ၊ ဆယ့်နှစ်ထွေ၊
ဥဝေ ကိုဟော၊ ငါးငါးပြော၊ ဒုက္ခော စိတ္တော၊ သုံးခုဖွဲ့၊
စေ–နှစ်နှစ်ဟော၊ ရုပ်,နိဗ္ဗော၊ ထုတ်ပြော"ပီတေ"၊ တိက်မှတ်ရှေ့။

http://www.dhammadownload.com


## ပီတိတိက်ဝယ် ကြည့်ရှုဘွယ်

## သုခ နှစ်မျိုး (အဓိပ္ပါယ်နှင့်တကွ)

သုခသဟဂုတ် ကာယဝိညာဉ်, စတုတ္ထဈာန်စိတ် ကောဒသ၌ ရှိသော သုခသည် ပီတိမှ ကင်းသောကြောင့် (ဝါ) ပီတိနှင့် မယှဉ်သောကြောင့် နိပ္ပီတိကသုခ။ ပီတိသဟဂုတ်စိတ် ၅၁-ခု၌ ရှိသော သုခသည် ပီတိနှင့် ယှဉ်သောကြောင့် သပ္ပီတိကသုခ။

## ပ,ပဒ သစ္စာဖွဲ့ပုံ

လောကီ ပီတိသဟဂုတ်စိတ် ၂၇-ခု, လောဘကြဉ်သော စေ ၄၅-သည် ဒုက္ခသစ္စာ။ လောဘသည် သမုဒယသစ္စာ။ မဂ်ပီတိသဟဂုတ်စိတ် ၁၂-ခု၌ ရှိသော သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ (ပ) အရဟတ္တမဂ် ရှစ်ပါး, ခုနစ်ပါးသည် မဂ္ဂသစ္စာ။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခုသည် သစ္စဝိမုတ်။

================

## ၈-ဒဿနတိက်

ပ - ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊

ဒု - ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊

တ - နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

(ပ) ဒဿနေန ပဟာတဗ္ဗာ - သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော၊ ဓမ္မာ၊ . . .

(ဒု) ဘာဝနာယ ပဟာတဗ္ဗာ - အထက်မဂ် သုံးခုသည် ပယ်အပ်ကုန်သော၊ ဓမ္မာ၊ . . .

(တ) နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ - သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည်လည်း မဟုတ်, အထက်မဂ် သုံးခုသည် ပယ်အပ်ကုန်သည်လည်း မဟုတ်ကုန်သော၊ ဓမ္မာ၊ . . .

http://www.dhammadownload.com


## ဂ–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | **သောမင်** (ကြွင်းပယ်) ဒိသံ–၄၊ ဝိစိ–၁၊ မာ,ဒေါစတုတ် ၄–ကြည် စေ–၂၂<br>(တနုကရုပယ်) အပါယဂမနီယဖြစ် ဒိဝိပ်–၄၊ ဒေါ–၂၊ ဒိ,ဝိစိကြည် စေ–၂၅ | ၄ | ၂ | ၂ | ၂ | × |
| ဒု | **သကမင်** (တနုကရုပယ်) ရုန့်ရင်းသော ဒိဝိပ်–၄၊ ဒေါ–၂<br>**နာမင်** (အကြွင်းမရှိပယ်) ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော<br>ဒိဝိပ်–၄၊ ဒေါ–၂၊ ဒိဋ္ဌိ,ဝိစိကြည် စေ–၂၅<br>**အရမင်** (အကြွင်းမရှိပယ်) ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော<br>ဒိဝိပ်–၄၊ ဥဒ္ဓစ္စ–၁၊ ဒိဋ္ဌိ,ဒေါစတုတ်–၄,ဝိစိကြည် စေ–၂၁ | ၄ | ၂ | ၂ | ၂ | × |
| တ | ကု–၂၁၊ ဝိ–၃၆၊ ကြိ–၂၀၊ စေ–၃၈၊ ရုပ်–၂၈၊ နိဗ္ဗာန် | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |

## ဂ–အရကောက်လင်္ကာ

❖ **သော,** ကြွင်းပယ်ရေး၊ ဒိသံ လေး၊ စိတ်ရေး ဝိစိပါ၊
မာ, ဒေါစတုတ် လေး၊ စေကြည်မေး၊ ကောက်ရေး နှစ်နှစ်သာ၊
တနု–ပယ်ရေး၊ 'ပါ'ဝိပ် လေး၊ စိတ်ရေး ဒေါနှစ်ပါ၊
ဒိ,စိ ကြည်ရေး၊ စေကိုမေး၊ ''ပ''ရေး နှစ်ငါးသာ။

❖ **သက,** တနု–ပယ်ရေး၊ 'ရုန့်'ဝိပ် လေး၊ စိတ်ရေး ဒေါနှစ်ပါ၊
**နာ,** ကြွင်းပယ်ရေး၊ 'ကာ'ဝိပ် လေး၊ စိတ်ရေး ဒေါနှစ်သာ၊
ဒိ,စိ ကြည်ရေး၊ စေကိုမေး၊ ကောက်ရေး နှစ်ငါးပါ၊
**အရ,** ကြွင်းပယ်ရေး၊ 'ရူ'ဝိပ် လေး၊ စိတ်ရေး ဥဒ္ဓစ္စာ၊
ဒိ, ဒေါစတုတ် လေး၊ စိ–ကြည်မေး၊ ''ဒု''ရေး နှစ်တစ်သာ။

❖ ကု,ဝိ,ကြိ–ရေး၊ စေကိုမေး၊ ကောက်ရေး သုံးရှစ်ပါ၊
ရုပ်, နိဗ္ဗာန်ရေး၊ ''တ''ပုဒ်တွေ့၊ တိက်ရေး ''ဒသ်''ဟုသာ။

================

http://www.dhammadownload.com



## ၉–ဒုဿနဟေတုတိက်

ပ – ဒုဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊

ဒု – ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊

တ – နေဝ ဒုဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

(ပ) ဒုဿနေန ပဟာတဗ္ဗဟေတုကာ – သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(ဒု) ဘာဝနာယ ပဟာတဗ္ဗဟေတုကာ – အထက်မဂ် သုံးခုသည် ပယ်အပ်သော ဟိတ်ရှိကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

(တ) နေဝ ဒုဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ – သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်, အထက်မဂ် သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်သော၊ ဓမ္မာ၊ (သံဝိဇ္ဇန္တိ။)

## ၉–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | သောမဂ် (အကြွင်းမရှိပယ်) ဒိသံ–၄၊ ဝိစိ–၁၊ မာ, ဒေါ်စတုတ်–၄, **ဝိစိ၌ မောတကြဉ်** စေ–၂၂။ (တနုကရပယ်) အပါယဂမနီယ ........။ | ၄ | ၂ | ၂ | ၂ | × |
| ဒု | သကမဂ် (တနုကရပယ်) .......... ။ နာမဂ် (အကြွင်းမရှိပယ်) ..........။ အရမဂ် (အကြွင်းမရှိပယ်) ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဝိပ်–၄၊ ဥဒ္ဓစ္စ–၁၊ ဒိ, ဒေါ်စတုတ်–၄, ဝိစိ, **ဥဒ်၌ မောတကြဉ်** စေ–၂၁ | ၄ | ၂ | ၂ | ၂ | × |
| တ | ကု–၂၁၊ ဝိ–၃၆၊ ကြိ–၂၀၊ စေ–၃၈၊ **မောတမူဒွေ၌ မောတ**၊ ရုပ်၊ နိ | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |

အမှာ။ ဤတိက်၏ အရကောက်သည် ဒုဿနတိက်၏ အရကောက်နှင့် သိပ်မထူးလှချေ။ ထို့ကြောင့် ဤတိက်၌ အရကောက်လက်ာကို သီးသန့် မသီကုံးတော့ပြီ။

==================

ဘယ်သူ ကဲ့ရဲ့ကဲ့ရဲ့၊ ဘုရား မကဲ့ရဲ့အောင်နေ။

## ၁၀–အာစယဂါမိတိက်

ပ – အာစယဂါမိနော ဓမ္မာ၊

ဒု – အပစယဂါမိနော ဓမ္မာ၊

တ – နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ။

(ပ) အာစယဂါမိနော – စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော၊ ဓမ္မာ . . .

(ဒု) အပစယဂါမိနော – နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်သော၊ ဓမ္မာ . . .

(တ) နေဝါစယဂါမိနာပစယဂါမိနော – စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်သော၊ ဓမ္မာ . . .

## ၁၀–အရကောက်ဇယား

| | | ခ | အ | ဝ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | အကု–၁၂၊ ကိကု–၁၇၊ စေ–၅၂ | ၄ | ၂ | ၂ | ၂ | × |
| ဒု | မဂ်–၄၊ စေ–၃၆ | ၄ | ၂ | ၂ | ၁ | ၂၉/ . . |
| တ | ဝိ–၃၆၊ ကြိ–၂၀၊ စေ–၃၈၊ ရုပ်–၂၈၊ နိ | ၅ | ၁၂ | ၁၈ | ၂ | . . /၃၇ |

## ၁၀–အရကောက်လင်္ကာ

❖ အာစယ 'ပ' ဆို၊ အကုသိုလ်၊ စိတ်ကို ဆယ့်နှစ်သွား၊
လောကီ ကုသိုလ်၊ ဆယ့်ခွန်ဆို၊ စေကို ငါးနှစ်ထား။

❖ 'ဒု' ပုဒ် ကောက်လို၊ မဂ်လေးဆို၊ စေကို သုံးခြောက်ထား။

❖ 'တ' ပုဒ် ဝိ–ကို၊ သုံးခြောက်ဆို၊ ကြိ–ကို နှစ်ဆယ်သွား၊
စေ–သုံးရှစ်ကို၊ ရုပ်+နိ ဆို၊ မည်ကို "အာတိက်" ထား။

==================

အောင်ပွဲနဲ့အတူ ပြန်လာမယ်။

http://www.dhammadownload.com



## ၁၁–သေက္ခတိက်

ပ – သေက္ခာ ဓမ္မာ၊

ဒု – အသေက္ခာ ဓမ္မာ၊

တ – နေဝသေက္ခ နာသေက္ခာ ဓမ္မာ။

(ပ) သေက္ခာ – သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်ကုန်သော၊ ဓမ္မာ . . .

(ဒု) အသေက္ခာ – ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်သော၊ ဓမ္မာ . . .

(တ) နေဝသေက္ခနာသေက္ခာ – သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်, ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်သော၊ ဓမ္မာ . . .

## ၁၁–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | အရဟတ္တဖိုလ်ကြဉ် လောကုတ်–၇၊ စေ–၃၆ | ၄ | ၂ | ၂ | ၁ | ၂၉/၃၇ |
| ဒု | အရဟတ္တဖိုလ်–၁၊ စေ–၃၆ | ၄ | ၂ | ၂ | × | . . /၃၇ |
| တ | ကာ–၈၁၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန် | ၅ | ၁၂ | ၁၈ | ၃ | × |

## ၁၁–အရကောက်လင်္ကာ

❖ အရ–ဖိုလ် ကြဉ်ကျန်၊ ကုတ်'ခွန်'နှံ၊ စေရံ သုံးခြောက်၊ ပ,ပုဒ်ကောက်။

❖ အရ–ဟဲ့ ဖလံ၊ စိတ် ကော်၊ စေရံ သုံးခြောက်၊ ဒု,ပုဒ်ကောက်။

❖ ကာ–ရှစ်တစ် မှန်၊ စေ+ရုပ်၊ နိဗ္ဗာန် တ,ပေါက်၊ "သေက္ခ"ကောက်။

---

## ၁၂–ပရိတ္တတိက်

ပ – ပရိတ္တာ ဓမ္မာ၊

ဒု – မဟဂ္ဂတာ ဓမ္မာ၊

တ– အပ္ပမာဏာ ဓမ္မာ။

(ပ) ပရိတ္တာ - နည်းသော အာနုဘော် ရှိကုန်သော၊ ဓမ္မာ . . .

(ဒု) မဟဂ္ဂတာ - မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော (ဝါ) မြတ်ကုန်သော ဈာန လာဘီ ပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော၊ ဓမ္မာ . . .

(တ) အပ္ပမာဏာ - နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့် ကျင်ဘက် ဖြစ်ကုန်သော၊ ဓမ္မာ . . .

## ၁၂-အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | ကာမစိတ်-၅၄၊ စေ-၅၂၊ ရုပ်-၂၈ | ၅ | ၁၂ | ၁၈ | ၂ | × |
| ဒု | မဟဂ္ဂုတ်စိတ်-၂၇၊ စေ-၃၅ | ၄ | ၂ | ၂ | ၁ | × |
| တ | ကုတ်-၈၊ စေ-၃၆၊ နိဗ္ဗာန် | ၄ | ၂ | ၂ | ၂ | ၂၉/၃၇ |

## ၁၂-အရကောက်လင်္ကာ

❖ "ပရိတ်" ပ,မေး၊ ကာ-ငါးလေး၊ ကုန်ရေး စေ+ရုပ်ရှိ။

❖ ဒု, မဟဂ္ဂေး၊ နှစ်ခွန် တွေး၊ စေရေး သုံးငါးရှိ။

❖ တ,ပုဒ် ကောက်မေး၊ ကုတ်'ရှစ်'တွေး၊ စေရေး သုံးခြောက်+နိ။

===================

## ၁၃-ပရိတ္တာရမ္မဏတိက်

ပ - ပရိတ္တာရမ္မဏာ ဓမ္မာ၊

ဒု - မဟဂ္ဂတာရမ္မဏာ ဓမ္မာ၊

တ - အပ္ပမာဏာရမ္မဏာ ဓမ္မာ။

(ပ) ပရိတ္တာရမ္မဏာ - ပရိတ္တတရားလျှင် အာရုံရှိကုန်သော (ဝါ) ပရိတ္တတရားကို အာရုံပြု ကုန်သော၊ ဓမ္မာ . . .

(ဒု) မဟဂ္ဂတာရမ္မဏာ - မဟဂ္ဂုတ်တရားလျှင် အာရုံရှိကုန်သော (ဝါ) မဟဂ္ဂုတ်တရားကို အာရုံပြုကုန်သော၊ ဓမ္မာ . . .

(တ) အပ္ပမာဏာရမ္မဏာ - အပ္ပမာဏတရားလျှင် အာရုံရှိကုန်သော (ဝါ) အပ္ပမာဏတရား ကို အာရုံပြုကုန်သော၊ ဓမ္မာ . . .

http://www.dhammadownload.com



## ၁၃–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | (မြို) ဒွေပဥ္စ–၁၀၊ မနောဓာတ်–၃၊ သန္တီ–၃၊ မဟာဝိ–၈၊ ဟသိ–၁၊ စေ–၃၃<br>(ခိုက်) အကု–၁၂။ မနော္ဒါ၊ မဟာကု–၈၊ ကြိ–၈၊ ဘိဝ်ဒွေ၊ အပ္ပကြဉ် စေ–၅၀ | ၄ | ၂ | ၈ | ၂ | × |
| ဒု | (မြို) ဝိညာ–၃၊ နေဝ–၃၊ စေ–၃၀<br>(ခိုက်) အကု–၁၂။ မနော္ဒါ၊ မဟာကု–၈၊ ကြိ–၈၊ ဘိဝ်ဒွေ၊ ရတိ,အပ္ပကြဉ် စေ–၄၇ | ၄ | ၂ | ၂ | ၂ | × |
| တ | (မြို) လောကုတ်–၈၊ စေ–၃၆<br>(ခိုက်) မနော္ဒါ၊ မဟာကုသံ–၄၊ မဟာကြိသံ–၄၊ ဘိဝ်ဒွေ၊ ရတိ,အပ္ပကြဉ် စေ–၃၃ | ၄ | ၂ | ၂ | ၂ | ၂၉<br>၃၇ |
| မ | (ပညတ်မြို) အာကာ–၃၊ အာကိဝ်–၃၊ ဘိဝ်ဒွေမှတပါး ရူပစိတ်–၁၅၊ စေ–၃၅<br>(ပညတ်ခိုက်) အကု–၁၂။ မနော္ဒါ၊ မဟာကု–၈၊ ကြိ–၈၊ ဘိဝ်ဒွေ၊ ရတိကြဉ် စေ–၄၉။ ရုပ်–၂၈၊ နိ | | | | | |

## ၁၃–အရကောက်ဆောင်ပုဒ်

❖ “ပရိတ်” ကေန်၊ ဒွေပဥ္စနှင့်၊ သုံးတန် မနောဓာတ်၊ သုံးရပ် သန္တီ၊ ရှစ်လီ မဟာဝိ၊ ဟသိ ကောက်ထုံး၊ စေ–သုံးသုံးတည်း။

* နေကန် ပြုမှု၊ အကု, မနော္ဒါ၊ မဟာကု, ကြိ၊ မှတ်သိ ဘိညာ၊ ကြဉ်ကြ ပမဉ်၊ စေလျှင် ငါးဆယ်၊ ပ,တွက်ရှယ်။

❖ “မဟဂ်” ကေန်၊ ကောက်ရန် သုံးဖြာ၊ ဝိညာ, နေဝ၊ စေ–တိံသရှင့်။

* နေကန် စိတ်စု၊ သုံးတစ် ပြုလေ*၊ စေရှု ရတိ၊ နှစ်လီ အပ္ပ၊ ကြဉ်ကြ လေးခွန်၊ ဒု,တွက်ညွှန်။

❖ “အပ္ပမာဏ”၊ ကေန် လောကုတ်၊ စေထုတ် သုံးခြောက်၊ အမြဲကောက်၏။

* ကောက်ကြ နေကန်၊ မှန်မနော္ဒါ၊ မဟာကုသံ၊ ကြိသံနှင့် ဘိညာဉ် နှစ်ရပ်၊ ကြဉ်လတ် ရတီ၊ နှစ်လီ အပ္ပ၊ စေပြ သုံးသုံး၊ တ,ကောက်ဖုန်း။

❖ “ပညတ်” ကေန်၊ ကောက်ရန် အာကာ၊ မှန်စွာ အာကိ၊ နုတ်လေ ဘိဒွေး၊ စိတ်တွေး ရူပ၊ ဆယ့်ငါးဝနှင့်၊ စေက သုံးငါး၊ အမြဲထား။

* နေကန် စိတ်စု၊ သုံးတစ် ပြုလေ*၊ စေရှု ရတိ၊ ကြဉ်သည် လေးကိုး၊ ရုပ်မျိုး, နိဗ္ဗာန်၊ သူကြွင်းကျန်သည်၊ ဝေဖန် တိက်မှတ်၊ လွယ်ကူထုတ်။

အမှာ။ လက်ဘ၌ ရေးထားသော = နေကန် စိတ်စု၊ သုံးတစ် ပြုလေ* ၌ ၃၁–ပါးဟူသည် ပရိတ္တ အနေကန်စိတ် ၃၁–ပါး အတိုင်းသာတည်း။

http://www.dhammadownload.com


သတိ။ “မြဲသောအားဖြင့်” ဆိုသည်မှာ ကေန် အာရုံပြုသည်ကို ဆိုလို၏။
“အာရုံပြုခိုက်” ဆိုသည်မှာ အနေကန် အာရုံပြုသည်ကို ဆိုလို၏။

==================

## ၁၄–ဟီနတိက်

ပ – ဟီနာ ဓမ္မာ၊

ဒု – မဇ္ဈိမာ ဓမ္မာ၊

တ – ပဏီတာ ဓမ္မာ။

(ပ) ဟီနာ – ယုတ်ကုန်သော၊ ဓမ္မာ . . .

(ဒု) မဇ္ဈိမာ – အလတ် ဖြစ်ကုန်သော (ဝါ) အယုတ်အမြတ်တို့၏ အလယ်၌ ဖြစ်ကုန်သော၊

(တ) ပဏီတာ – မြတ်ကုန်သော၊ ဓမ္မာ . . .

အမှာ။ ဤဟီနတိက်၏ အရကောက်သည် သံကိလိဋ္ဌတိက်၏ အရကောက်နှင့် အလုံးစုံတူ၏။
ဆောင်။ သံကိလိဋ္ဌ၊ တိက်–ဟီန၊ လုံးဝ ရကောက်တူ။

================

## ၁၅–မိစ္ဆတ္တတိက်

ပ – မိစ္ဆတ္တနိယတာ ဓမ္မာ၊

ဒု – သမ္မတ္တနိယတာ ဓမ္မာ၊

တ – အနိယတာ ဓမ္မာ။

(ပ) မိစ္ဆတ္တနိယတာ – ဖောက်ပြန်သောသဘော ရှိကုန်သည် ဖြစ်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော၊ ဓမ္မာ . . .

(ဒု) သမ္မတ္တနိယတာ – မဖောက်မပြန်သောသဘော ရှိကုန်သည် ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော၊ ဓမ္မာ . . .

(တ) အနိယတာ – နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော၊ ဓမ္မာ . . .

## ၁၅–အရကောက်ဇယား

| | | ခ | အ | ဝ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိသံ ၄–ခု သတ္တမဇော၊ မာ, ဒေါစတုတ်–၄, ဝိစိကြည့် စေ–၂၁။ ........ ပဋ္ဌာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇော၊ ပီ, လောတြိ–၃, ဝိစိကြည့် စေ–၂၂။ | ၄ | ၂ | ၂ | ၂ | × |
| ဒု | မဂ်စိတ်–၄၊ စေ–၃၆ | ၄ | ၂ | ၂ | ၁ | ၂၉/ |
| တ | နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိသံ ၄–ခု သတ္တမဇော, ....... ပဋ္ဌာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇောမှတပါး အကု–၁၂၊ ကိကု–၁၇၊ ဝိ–၃၆၊ ကြိ–၂၀၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန် | ၅ | ၁၂ | ၁၈ | ၃ | /၃၇ |

## ၁၅–အရကောက်လင်္ကာ

❖ ပ,ပုဒ် ဒိဋ္ဌိ၊ စွမ်းဖြစ်ဘိ၊ ဒိသံ–သတ္တဇော၊
မာန, ဒေါ်, ဣ၊ မစ်, ကုက်, စိ၊ ကြည့်ဘိ နှစ်တစ်ပေါ၊
အနန္တရိ၊ စွမ်းဖြစ်ဘိ၊ ဒေါ်ဒွိ–သတ္တဇော၊
ပီ, လော, ဒိဋ္ဌိ၊ မာ, ဝိစိ၊ ကြည့်ဘိ နှစ်နှစ်ပေါ။

❖ ဒု,ပုဒ် ကောက်ဘိ၊ မဂ်လေးသိ၊ စေညှိ သုံးခြောက်ပေါ။

❖ တ,ပုဒ် ကောက်ဘိ၊ သတ်ဇောဒွိ*၊ ကျန်ရှိ အကုပေါ၊
ကိကု ကောက်ဘိ၊ ဆယ့်ခွန် ရှိ၊ ကုန်ဝိ, ကြိပေါ၊
စေ,ရုပ် ကုန်ဘိ၊ နိဗ္ဗာန်ထိ၊ မည်ညှိ "**မိစ္ဆတ္တော**"။

အမှာ။ လင်္ကာ၌ ရေးထားသော = သတ်ဇောဒွိ *ဟူသည် နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိသံ ၄–ခု သတ္တမဇော၊ . . . ပဋ္ဌာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇော ဟူသော သတ္တမဇော နှစ်မျိုးတို့ကို ဆိုလို၏။

### ပ,ပဒ အရကောက်ဆိုရိုး

နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြည့်သော စေတသိက် ကေဝီသ။

http://www.dhammadownload.com



မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇော၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဗာဝီသ။

ဆောင်။ မာ, ပိ, အရဟံ၊ လောဟိတံ၊ ဘေဒံ, နန္တရိ။

================

## ၁၆–မဂ္ဂါရမ္မဏတိက်

ပ – မဂ္ဂါရမ္မဏာ ဓမ္မာ၊

ဒု – မဂ္ဂဟေတုကာ ဓမ္မာ၊

တ– မဂ္ဂါဓိပတိနော ဓမ္မာ။

(ပ) မဂ္ဂါရမ္မဏာ – မဂ်လျှင် အာရုံရှိကုန်သော (ဝါ) မဂ်ကို အာရုံပြုကုန်သော၊ ဓမ္မာ ...

(ဒု) မဂ္ဂဟေတုကာ – မဂ်ဟု ဆိုအပ်သော အကြောင်းရှိကုန်သော၊ ဓမ္မာ . . .

**(တစ်နည်းကား)** မဂ္ဂဟေတုကာ – မဂ်နှင့် ယှဉ်သော ဟိတ်ရှိကုန်သော (ဝါ) မဂ်၌ ဖြစ်သော ဟိတ်ရှိကုန်သော၊ ဓမ္မာ . . .

**(တစ်နည်းကား)** မဂ္ဂဟေတုကာ – သမ္မာဒိဋ္ဌိ မဂ္ဂင်ဟု ဆိုအပ်သော ဟိတ်ရှိကုန်သော၊ ဓမ္မာ . . .

(တ) မဂ္ဂါဓိပတိနော – မဂ်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းရှိကုန်သော၊ ဓမ္မာ...

**(တစ်နည်းကား)** မဂ္ဂါဓိပတိနော – မဂ်ဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း ရှိကုန်သော၊ ဓမ္မာ . . .

**(တစ်နည်းကား)** မဂ္ဂါဓိပတိနော – မဂ်လျှင် သဟဇာတာဓိပတိ ပစ္စည်းဖြစ်ကုန်သော၊ ဓမ္မာ . . .

http://www.dhammadownload.com



## ၁၆–အရကောက်ဇယား

| | | ၁ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | သောမင်္ကို အာရုံပြု ''သော''၏ မနောဒွါ၊ ကုသိ–၄၊ ကုဘိ၊<br>သော,သမင်္ကို အာရုံပြု ''သ''၏ ။<br>သော,သ,နာမင်္ကို အာရုံပြု ''နာ''၏ ။<br>မင်္လေးပါးကို အာရုံပြု ရတနတ္တာ၏ မနောဒွါ၊ ကြိသိ–၄၊ ကြိဘိ၊<br>ရတိ, အပ္ပကြည် စေ–၃၃ | ၄ | ၂ | ၂ | ၁ | × |
| ဒု | (ပ,ယောဇနာ) မင်္စိတ်–၄၊ မဂ္ဂင် ၈–ပါးကြည် စေ–၂၈<br>(ဒု,ယောဇနာ) မင်္စိတ်–၄၊ စေ–၃၆<br>(တ,ယောဇနာ) မင်္စိတ်–၄၊ အမောဟကြည် စေ–၃၅ | ၄ | ၂ | ၂ | ၁ | ၂၉/.. |
| တ | (ပ,ယောဇနာ)<br>သောမင်္ကို အလေးအမြတ် အာရုံပြု ''သော''၏ ကုသိ–၄<br>သမင်္ကို ။ ''သ''၏ ။<br>နာမင်္ကို ။ ''နာ''၏ ။<br>အရမင်္ကို ။ ရတနတ္တာ၏ ကြိသိ–၄၊<br>ရတိ, အပ္ပကြည်စေ–၃၃<br>(ဒု,ယောဇနာ) မင်–၄၊ ဝီရိယတပ်ခိုက် ဝီရိယကြည် စေ–၃၅၊<br>ဝိမံသတပ်ခိုက် ဝိမံသကြည် စေ–၃၅<br>(တ,ယောဇနာ) အဓိပတိတပ်ခိုက် ဝီရိယ, ဝိမံသ | ၄ | ၂ | ၂ | ၂ | ၂၉/.. |
| မ | မင်္ကို အာရုံမပြုနေ ....... အကု–၁၂၊ မနောဒွါမှတပါး အဟိတ်–၁၇၊ မဟာကုဝိပ်–၄၊ မဟာဝိ–၈၊<br>မဟာကြိဝိပ်–၄၊ ဘိဝဒွေမှတပါး ရူပ–၁၅၊ အရူ–၁၂၊ ဖိုလ်–၄၊ စေ–၅၂<br>မင်္ကို အာရုံမပြုခိုက် ....... မနောဒွါ၊ မဟာကုသိ–၄၊ ကြိသိ–၄၊ ဘိဝဒွေ၊ စေ–၃၈။ ရုပ်–၂၈၊ နိဗ္ဗာန် | | | | | |

အမှာ။ ဤတိုက်၌ အလွန်ကျယ်အံ့မည် စိုးသောကြောင့် အရကောက်လက်ာကို သီးသန့် မသီကုံး
တော့ပြီ။

http://www.dhammadownload.com


## ၁၇–ဥပ္ပန္နတိက်

ပ – ဥပ္ပန္နာ ဓမ္မာ၊

ဒု – အနုပ္ပန္နာ ဓမ္မာ၊

တ – ဥပ္ပါဒိနော ဓမ္မာ။

(ပ) ဥပ္ပန္နာ – ဥပါဒ်,ဋ္ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်သော၊...

(ဒု) အနုပ္ပန္နာ – ဥပါဒ်,ဋ္ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်, ရောက်ဆဲလည်း မဟုတ်ကုန်သော၊ . . .

(တ) ဥပ္ပါဒိနော – ပြီးပြီးသော အကြောင်းတစိတ် ရှိသည်၏ အဖြစ်ကြောင့် မချွတ် ဖြစ်လတ္တံ့ကုန်သော၊ . . .

## ၁၇–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | ပစ္စုပ္ပန်ဖြစ်သော စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈ | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |
| ဒု | အနာဂတ်ဖြစ်သော အကု–၁၂၊ ကု–၂၁၊ ကြိ–၂၀၊ စေ–၅၂ စိတ္တဇရုပ်–၁၇၊ ဥတုဇရုပ်–၁၅၊ အာဟာရဇရုပ်–၁၄ | ၅ | ၇ | ၈ | ၃ | ၂၉/.. |
| တ | အနာဂတ်ဖြစ်သော ဝိ–၃၆၊ စေ–၃၈၊ ကမ္မဇရုပ်–၂၀ | ၅ | ၁၁ | ၁၇ | ၁ | ../၃၇ |
| မ | နိဗ္ဗာန် | | | | | |

## ၁၇–အရကောက်လင်္ကာ

❖ “ဥပ္ပန်” ပ–ကြိ၊ ပစ္စုပ္ပန်၊ စိတ္တံ, စေ, ရုပ်ထား။

❖ ဒု–နာဂတံ၊ အကု စံ၊ ကောက်ရန် ကု,ကြိသွား။
စေကုန် ကောက်ရန်၊ တိရူပံ၊ စိတ္တံ, ဥ, အာ–ထား။

❖ တ–နာဂတံ၊ ဝိ ကုန်စံ၊ စေရံ သုံးရှစ်သွား။

❖ ကမ်ရုပ် ကုန်စံ၊ တိက်မုတ္တံ၊ နိဗ္ဗာန် ထုတ်၍ထား။

==============

http://www.dhammadownload.com


## ၁၈–အတီတတိက်

ပ – အတီတာ ဓမ္မာ၊

ဒု – အနာဂတာ ဓမ္မာ၊

တ – ပစ္စုပ္ပန္နာ ဓမ္မာ။

(ပ) အတီတာ – အတိတ်ဖြစ်ကုန်သော၊ ဓမ္မာ . . .

(ဒု) အနာဂတာ – အနာဂတ်ဖြစ်ကုန်သော၊ ဓမ္မာ . . .

(တ) ပစ္စုပ္ပန္နာ – ပစ္စုပ္ပန်ဖြစ်ကုန်သော၊ ဓမ္မာ . . .

## ၁၈–အရကောက်ဇယား

| | | | ခ | အ | ဝ | သ | ဝိ |
|---|---|---|---|---|---|---|---|
| ပ | အတိတ်ဖြစ်သော | စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈ | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |
| ဒု | အနာဂတ်ဖြစ်သော | စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈ | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |
| တ | ပစ္စုပ္ပန်ဖြစ်သော | စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈ | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |
| မ | | နိဗ္ဗာန် | | | | | |

## ၁၈–အရကောက်လင်္ကာ

- ❖ တိတ်, နာ, ပစ္စုပ်၊ စိတ်, စေ, ရုပ်၊ သုံးပုဒ် စဉ်တိုင်းထား။
- ❖ နိဗ္ဗာန်–တိက်မှုတ်၊ ''တီတ''ထုတ်၊ သုတ်သုတ် ကောက်စေသား။

=================

## ၁၉–အတီတာရမ္မဏတိက်

ပ – အတီတာရမ္မဏာ ဓမ္မာ၊

ဒု – အနာဂတာရမ္မဏာ ဓမ္မာ၊

တ – ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။

(ပ) အတီတာရမ္မဏာ – အတိတ်တရားလျှင် အာရုံရှိကုန်သော (ဝါ) အတိတ်တရားကို အာရုံပြုကုန်သော၊ ဓမ္မာ . . .

(ဒု) အနာဂတာရမ္မဏာ – အနာဂတ်တရားလျှင် အာရုံရှိကုန်သော (ဝါ) အနာဂတ်တရားကို အာရုံပြုကုန်သော၊ ဓမ္မာ . . .

http://www.dhammadownload.com



(တ) ပစ္စုပ္ပန္နာရမ္မဏာ – ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်သော (ဝါ) ပစ္စုပ္ပန်တရားကို အာရုံ ပြုကုန်သော၊ ဓမ္မာ . . .

## ၁၉–အရကောက်ဇယား

| | | ခ | အ | ဂ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | (မြဲ) ဝိညာ–၃၊ နေဝ–၃၊ စေ–၃၀<br>(ခိုက်) မနောဒွါ၊ ကာမဇော–၂၉၊ တဒါ–၁၁၊ ဘဝံဒွေ၊ ရတိ,အပ္ပကြဉ် စေ–၄၇ | ၄ | ၂ | ၂ | ၂ | × |
| နု | (ခိုက်) မနောဒွါ၊ ကာမဇော–၂၉၊ တဒါ–၁၁၊ ဘဝံဒွေ၊ အပ္ပကြဉ် စေ–၅၀ | ၄ | ၂ | ၂ | ၂ | × |
| တ | (မြဲ) ဒွေပဥ္စ–၁၀၊ မနောဓာတ်–၃၊ ဆန္ဒ, ပီတိ, ဝီရိကြဉ် အညစေ–၁၀<br>(ခိုက်) မနောဒွါ၊ ကာမဇော–၂၉၊ တဒါ–၁၁၊ ဘဝံဒွေ၊ အပ္ပကြဉ် စေ–၅၀ | ၄ | ၂ | ၈ | ၂ | × |
| မ | ပညတ် – ကေန်+အနေကန်။ အပ္ပမာဏ – ကေန်+အနေကန်။ ရုပ်–၂၈၊ နိဗ္ဗာန် | | | | | |

## ၁၉–အရကောက်ဆောင်ပုဒ်

❖ “**တိတ်**” ကေန်မှာ၊ ဝိညာ, နေဝ၊ စေ–တိံသရှင့်၊ မှတ်ကြ “**နာဂတ်**”၊ ကေန် နတ္ထိ၊ သူမရှိ ဖြတ်။ “**ပစ္စုပ်**” ကေန်၊ ဒွေပဉ္စံနှင့်၊ သုံးတန် မနောဓာတ်၊ ကြဉ်လတ် ဆန်,ပီ၊ နောက်မှီ ဝီရိ၊ ပယ်ဘိ အညာ၊ စေ–ဒသာ။ (ကေန်)

❖ “**အတိတ်**” နေကန်၊ ကောက်ရန် မနော၊ ကာဇော, တဒါ၊ အဘိညာ ဒွိ၊ ရတိ, ပမဉ်၊ ကြဉ်လေ စေတွက်၊ လေးခွန် ထွက်၏။ “**နာဂတ်+ပစ္စုပ်**”၊ စိတ်ထုတ် ‘တိတ်’တူ၊ စေမူ ပမဉ်၊ ပယ်ကြဉ် ငါးဆယ်၊ ကောက်ကြကွယ်။ (အနေကန်)

❖ မှတ်ဘွယ် တိက်မုတ်၊ ထုတ် ပညတ္တာ၊ အပ္ပမာဏံ၊ ရုပ်, နိဗ္ဗာန်။ (တိက်မုတ်)

အမှာ။ တိက်မုတ်ထုတ်ရသော ပညတ်တရားနှင့် အပ္ပမာဏ တရားသရုပ်ကို ပရိတ္တာရမ္မဏတိက်၌ ရေးခဲ့ပြီး ဖြစ်၍ ဤ၌ လက်ာအကျယ် မသီကုံးတော့ပြီ။

## တိက်မုတ်တရား

ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာ–၃၊ အာကိံ–၃၊ ဘဝံဒွေမှတပါး ရူပစိတ်–၁၅၊ စေ–၃၅။

http://www.dhammadownload.com


ပညတ်တရားကို အာရုံပြုခိုက် အကု-၁၂၊ မနော္ဒါ၊ မဟာကု-၈၊ မဟာကြိ-၈၊ ဘိဝ်ဲ့ ဝိရတိကြဉ် စေ-၄၉။

အပ္ပမာဏ တရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ်-၈၊ စေ-၃၆။

အပ္ပမာဏ တရားကို အာရုံပြုခိုက် မနော္ဒါ၊ မဟာကုသံ-၄၊ မဟာကြိသံ-၄၊ ဘိဝ်ဲ့ ဝိရတိ, အပ္ပကြဉ် စေ-၃၃။ ရုပ်-၂၈၊ နိဗ္ဗာန်။

================

## ၂၀-အဇ္ဈတ္တတိက်

ပ - အဇ္ဈတ္တာ ဓမ္မာ၊

ဒု - ဗဟိဒ္ဓါ ဓမ္မာ၊

တ - အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။

(ပ) အဇ္ဈတ္တာ - အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော၊ ဓမ္မာ . . .

(ဒု) ဗဟိဒ္ဓါ - ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော၊ ဓမ္မာ . . .

(တ) အဇ္ဈတ္တဗဟိဒ္ဓါ - အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော၊ ဓမ္မာ . . .

## ၂၀-အရကောက်ဇယား

| | | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|---|
| ပ | အဇ္ဈတ္တသန္တာန်၌ ဖြစ်သော | စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈ | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |
| ဒု | ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော | စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊ နိ | ၅ | ၁၂ | ၁၈ | ၄ | ၂၉/၃၇ |
| တ | အဇ်+ဗ သန္တာန်၂-ပါး၌ ဖြစ်သော | စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈ | ၅ | ၁၂ | ၁၈ | ၃ | ၂၉/၃၇ |

## ၂၀-အရကောက်လင်္ကာ

❖ အဇ္ဈတ်, ဗဟိဒ္ဓါ၊ တွဲ ဒွယံ၊ သန္တာန် စဉ်တိုင်းထား။

❖ စိတ်, စေ, ရူပ်၊ သုံးပုဒ် နှံ့၊ နိဗ္ဗာန် 'ဒု'သွင်းထား။

တိက နာမံ၊ "အဇ္ဈတ္တံ"၊ အလံ လွှင့်ထူထား။

================

http://www.dhammadownload.com


## ၂၁–အဇ္ဈတ္တာရမ္မဏတိက်

ပ – အဇ္ဈတ္တာရမ္မဏာ ဓမ္မာ၊

ဒု – ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ၊

တ – အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။

(ပ) အဇ္ဈတ္တာရမ္မဏာ – အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော (ဝါ) အဇ္ဈတ္တတရားကို အာရုံပြုကုန်သော၊ ဓမ္မာ . . .

(ဒု) ဗဟိဒ္ဓါရမ္မဏာ – ဗဟိဒ္ဓတရားလျှင် အာရုံရှိကုန်သော (ဝါ) ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော၊ ဓမ္မာ . . .

(တ) အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ – အဇ္ဈတ္တ,ဗဟိဒ္ဓ တရားနှစ်ပါးလျှင် အာရုံရှိကုန်သော (ဝါ) အဇ္ဈတ္တ, ဗဟိဒ္ဓ တရားနှစ်ပါးကို အာရုံပြုကုန်သော၊ ဓမ္မာ . . .

## ၂၁–အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | (မြဲ) ဝိညာ–၁၊ နေဝ–၁၊ စေ–၁၀<br>(ခိုက်) ကာမ–၅၄၊ ဘိဉ္ဉ္ဓွေ၊ တ္တသာ, အပ္ပကြဉ် စေ–၄၉ | ၄ | ၂ | ၈ | ၂ | × |
| ဒု | (မြဲ) ဘိဉ္ဓွေမှတပါး ရူ–၁၅၊ အာကာ–၁၊ ကုတ်–၈၊ စေ–၃၈<br>(ခိုက်) ကာမ–၅၄၊ ဘိဉ္ဓွေ၊ မစ္ဆရိယကြဉ် စေ–၅၁ | ၄ | ၂ | ၈ | ၃ | ၂၉/၃၇ |
| တ | (ခိုက်) ကာမ–၅၄၊ ဘိဉ္ဓွေ၊ တ္တ, မစ်, အပ္ပကြဉ် စေ–၄၈ | ၄ | ၂ | ၈ | ၂ | × |
| မ | အာကိ–၁၊ စေ–၃၀<br>ထိုအာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုခိုက် အကု–၁၂၊ မနော၌၊ မဟာကု–၈၊ မဟာကြိ–၈၊ ဘိဉ္ဓွေ၊ ရတိ,အပ္ပ,တ္တ,မစ်ကြဉ် စေ–၄၅။ ရုပ်–၂၈၊ နိဗ္ဗာန် | | | | | |

## ၂၁–အရကောက်ဆောင်ပုဒ်

❖ ''တွင်း'' ကေန်မှာ၊ ဝိညာ, နေဝ၊ စေ–တိသရှင့်။ ''ပြင်ပ'' ကေန်၊ ဘိညာဉ် တပါး၊ ဆယ့်ငါး ရူပ၊ အာကာသ–သုံး၊ ရှစ်လုံး လောကုတ်၊ စေထုတ် သုံးရှစ်၊ ဗဟိဒ် ဖြစ်၏။ ''အဇ္ဈတ်+ဗဟိဒ္ဓ''၊ တွဲ ကေန်မှာ၊ အမှန် နတ္ထိ၊ သူမရှိ။ (ကေန်)

http://www.dhammadownload.com


- သုံးပုဒ် နေကန်၊ ကာမံ–ငါးလေး၊ အဘိဓွေးဟူ၊ စိတ်ရေး တူ၏။ ကြည်ဘိ ဣသာ၊ ပမညာ နှတ်၊ စေထုတ် လေးကို၊ "အဖျတ်"မျိုးတည်း။ ကြည်ရိုး ဆိုး–မစ်၊ စေ–ငါးတစ်မူ "ဗတိဒ်" ယူ၏။ ဣက္က, မစ်, အပ္ပ၊ ကြည်ကြ လေးရှစ်၊ စေကို ချစ်ချုပ်၊ တ,ပုဒ်လုပ်။ (အနေကန်)
- တိက်မုတ် ထုတ်ချိန်၊ သုံး–အာကိနှင့်၊ စေချိန် သုံးဆယ်၊ ဆက်သွယ် နတ္ထိဘော၊ အာရုံ ပြောခိုက်၊ အကု, မနော္ဒွါ၊ မဟာကု, ကြိ၊ အဘိ ဒွိနှင့်၊ ရတိ, အပ္ပ၊ ဣက္က, မစ္ဆကြည်၊ စေလျှင် လေးငါး၊ မှတ်သား ကုန်ရုပ်၊ နိဗ္ဗာန်ထုတ်။ (တိက်မုတ်)

---

## ၂၂–သနိဒဿနတိက်

ပ – သနိဒဿန သပ္ပဋိဃာ ဓမ္မာ၊
ဒု – အနိဒဿန သပ္ပဋိဃာ ဓမ္မာ၊
တ – အနိဒဿန အပ္ပဋိဃာ ဓမ္မာ။

(ပ) သနိဒဿနသပ္ပဋိဃာ – မြင်ခြင်းနှင့်လည်းတကွ ထိပါးခြင်းနှင့်လည်းတကွ ဖြစ်ကုန်သော (ဝါ) မြင်အပ်သည်၏ အဖြစ်နှင့်လည်းတကွ ထိပါးတတ်သည်၏ အဖြစ်နှင့်လည်း တကွ ဖြစ်ကုန်သော (ဝါ) မြင်အပ်သည်နှင့်လည်းတကွ ထိပါးတတ်သည်နှင့်လည်းတကွ ဖြစ်ကုန်သော၊ ဓမ္မာ . . .

(ဒု) အနိဒဿနသပ္ပဋိဃာ – မြင်ခြင်း မရှိ, ထိပါးခြင်းနှင့် တကွဖြစ်ကုန်သော (ဝါ) မြင်အပ် သည်၏ အဖြစ် မရှိ, ထိပါးတတ်သည်၏ အဖြစ်နှင့် တကွဖြစ်ကုန်သော (ဝါ) မြင်အပ် သည် မရှိ, ထိပါးတတ်သည်နှင့် တကွဖြစ်ကုန်သော၊ ဓမ္မာ . . .

(တ) အနိဒဿနအပ္ပဋိဃာ – မြင်ခြင်းလည်း မရှိ, ထိပါးခြင်းလည်း မရှိကုန်သော (ဝါ) မြင်အပ်သည်၏ အဖြစ်လည်း မရှိ, ထိပါးတတ်သည်၏ အဖြစ်လည်း မရှိကုန်သော (ဝါ) မြင်အပ်သည်လည်း မရှိ, ထိပါးတတ်သည်လည်း မရှိကုန်သော၊ ဓမ္မာ . . .

http://www.dhammadownload.com


## ၂၂-အရကောက်ဇယား

| | | ခ | အ | ဓ | သ | ဝိ |
|---|---|---|---|---|---|---|
| ပ | ရုပ်ရုံ | ၁ | ၁ | ၁ | ၁ | × |
| ဒု | ရုပ်ရုံကြဉ် သြဠာရိကရုပ်-၁၁ | ၁ | ၉ | ၉ | ၁ | × |
| တ | စိတ်-၈၉၊ စေ-၅၂၊ သုခုမရုပ်-၁၆၊ နိဗ္ဗာန် | ၅ | ၂ | ၈ | ၄ | ၂၉/၃၇ |

## ၂၂-အရကောက်လင်္ကာ

- ❖ ပ,ပုဒ် ရူရုံ ဒု, အပုံ ရူရုံ ကြဉ်-သြဠာ။
- ❖ တ,ပုဒ် စိတ်ကုန်၊ စေ-အကုန်၊ ရုပ်ဘုံ သုခုမာ။
- ❖ ဆယ့်ခြောက် တွဲလို့၊ နိဗ္ဗာန်ဘုံ၊ ခိုလို့ "ဆုံးတိက်"သာ။

---

## တိကမာတိကာသုံးသပ်ချက်

### ၁-ကုသလတိက်

- **အပြစ်မရှိသော တရား, ကောင်းကျိုးကို ပေးသော တရား . . .**
  ကုသိုလ်စိတ်-၂၁၊ စေ-၃၈။
- **အပြစ်ရှိသော တရား, မကောင်းကျိုးကို ပေးသော တရား . . .**
  အကုသိုလ်စိတ်-၁၂၊ စေ-၂၇။
- **ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော တရား . . .**
  ဝိပါက်စိတ်-၃၆၊ ကြိယာစိတ်-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

### ၂-ဝေဒနာတိက်

- **သုခဝေဒနာနှင့် ယှဉ်သော တရား . . .**
  သုခသဟဂုတ်စိတ်-၆၃၊ ဝေ, ဒေါ်, ဣ, မစ်, ကုက်, ဝိစိကြဉ် စေ-၄၆။
- **ဒုက္ခဝေဒနာနှင့် ယှဉ်သော တရား . . .**
  ဒုက္ခသဟဂုတ်စိတ်-၃၊ ဝေ, ပီ, လော, ဒိ, မာ, ဝိစိကြဉ် စေ-၂၁။

- **ဥပေက္ခာဝေဒနာနှင့် ယှဉ်သော တရား . . .**
  ဥပေက္ခာသဟဂုတ်စိတ်-၅၅၊ ဝေ, ပီ, ဒေါ်, ဣ, မစ်, ကုက်ကြဉ် စေ-၄၆။
- **သုခ+ဒုက္ခ+ဥပေက္ခာ ဝေဒနာတို့နှင့် မယှဉ်သော တရား (ဝါ) ဝေဒနာတို့၏ ယှဉ်ရာနယ်ပယ်မှ ကင်းလွတ်သော တရား . . .**
  သုခဝေဒနာ-၆၃၊ ဒုက္ခဝေဒနာ-၃၊ ဥပေက္ခာဝေဒနာ-၅၅၊ ရုပ်-၂၈၊ နိဗ္ဗာန်။

## ၃-ဝိပါကတိက်

- **အကျိုးတရား . . .**
  ဝိပါက်စိတ်-၃၆၊ စေ-၃၈။
- **အကျိုးကို ဖြစ်စေတတ်သော တရား (ဝါ) အကြောင်းတရား . . .**
  အကု-၁၂၊ ကု-၂၁၊ စေ-၅၂။
- **အကြောင်းလည်း မဟုတ်, အကျိုးလည်း မဟုတ်သော တရား . . .**
  ကြိယာစိတ်-၂၀၊ စေ-၃၅၊ ရုပ်-၂၈၊ နိဗ္ဗာန်။

## ၄-ဥပါဒိန္နတိက်

- **ပြင်းစွာ ကပ်တတ်သော တရား . . .**
  တဏှာ, ဒိဋ္ဌိ။
- **ပြင်းစွာ မကပ်တတ်သော တရား . . .**
  စိတ်-၈၉၊ တဏှာ, ဒိဋ္ဌိကြဉ် စေ-၅၀၊ ရုပ်-၂၈၊ နိဗ္ဗာန်။
- **တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံ . . .**
  လောကီ ကုသိုလ်ကံ-၁၇၊ အကုသိုလ်ကံ-၁၂။
- **တဏှာဒိဋ္ဌိတို့သည် မကပ်အပ်သော ကံ . . .**
  မဂ်ကုသိုလ်ကံ-၄။
- **ဥပါဒိန္န မည်သော တရား (ဝါ) လောကီကုသိုလ်, အကုသိုလ်ကံတို့၏ အကျိုးဖြစ်သော တရား . . .**
  ကီဝိ-၃၂၊ စေ-၃၅၊ ကမ္မဇရုပ်-၂၀။

http://www.dhammadownload.com


- **ဥပါဒိန္န မမည်သော တရား (ဝါ) အနုပါဒိန္န မည်သော တရား (ဝါ) လောကီကုသိုလ်, အကုသိုလ်ကံတို့၏ အကျိုးမဟုတ်သော တရား . . .**
  အကု–၁၂၊ ကု–၂၁၊ ကြိ–၂၀၊ ဖိုလ်–၄၊ စေ–၅၂၊ စိတ္တဇရုပ်–၁၇၊ ဥတုဇရုပ်–၁၅၊ အာဟာရဇရုပ်–၁၄။
- **ဥပါဒါနိယ မည်သော တရား (ဝါ) ဥပါဒါန်တို့၏ အစိုးအပွား အာရုံဖြစ်သော တရား . . .**
  ကိ–၈၁၊ စေ–၅၂၊ ရုပ်–၂၈။
- **ဥပါဒါနိယ မမည်သော တရား (ဝါ) အနုပါဒါနိယ မည်သော တရား (ဝါ) ဥပါဒါန်တို့၏ အစိုးအပွား အာရုံမဟုတ်သော တရား . . .**
  လောကုတ်–၈၊ စေ–၃၆၊ နိဗ္ဗာန်။
- **ဥပါဒိန္နသာ မည်, ဥပါဒါနိယ မမည်သော တရား . . .**
  မရှိ။
- **ဥပါဒိန္န မမည်, ဥပါဒါနိယသာ မည်သော တရား . . .**
  အကု–၁၂၊ လောကီကုသိုလ်–၁၇၊ ကြိ–၂၀၊ စေ–၅၂၊ စိတ္တဇရုပ်–၁၇၊ ဥတုဇရုပ်–၁၅၊ အာဟာရဇရုပ် –၁၄။
- **ဥပါဒိန္နလည်း မည် + ဥပါဒါနိယလည်း မည်သော တရား . . .**
  လောကီဝိပါက်စိတ်–၃၂၊ စေ–၃၅၊ ကမ္မဇရုပ်–၂၀။
- **ဥပါဒိန္နလည်း မမည် + ဥပါဒါနိယလည်း မမည်သော တရား . . .**
  လောကုတ်–၈၊ စေ–၃၆၊ နိဗ္ဗာန်။

## ၅–သံကိလိဋ္ဌတိက်

- **ပူပန်စေတတ်သော တရား . . .**
  ကိလေသာ ၁၀–ပါး။
- **ပူပန်စေအပ်သော တရား . . .**
  အကု–၁၂၊ စေ–၂၇။
- **ပူပန်စေတတ် + ပူပန်စေအပ်သော တရား . . .**
  ကိလေသာ ၁၀–ပါး။

http://www.dhammadownload.com


- **မပူပန်စေတတ် + မပူပန်စေအပ်သော တရား . . .**

  ကု–၂၁၊ ဝိ–၃၆၊ ကြိ–၂၀၊ စေ–၃၈၊ ရုပ်–၂၈၊ နိဗ္ဗာန်။

- **သံကိလေသိက မည်သော တရား . . .**

  လောကီ–၈၁၊ စေ–၅၂၊ ရုပ်–၂၈။

- **သံကိလေသိက မမည်သော တရား . . .**

  လောကုတ်–၈၊ စေ–၃၆၊ နိဗ္ဗာန်။

- **သံကိလိဋ္ဌ မည်သော တရား . . .**

  အကု–၁၂၊ စေ–၂၇။

- **သံကိလိဋ္ဌ မမည်သော တရား . . .**

  ကု–၂၁၊ ဝိ–၃၆၊ ကြိ–၂၀၊ စေ–၃၈၊ ရုပ်–၂၈၊ နိဗ္ဗာန်။

- **သံကိလေသိကသာ မည် + သံကိလိဋ္ဌ မမည်သော တရား . . .**

  ကီကု–၁၇၊ ကီဝိ–၃၂၊ ကြိ–၂၀၊ စေ–၃၈၊ ရုပ်–၂၈။

- **သံကိလေသိက မမည် + သံကိလိဋ္ဌသာ မည်သော တရား . . .**

  မရှိ။

- **သံကိလေသိကလည်း မည် + သံကိလိဋ္ဌလည်း မည်သော တရား . . .**

  အကု–၁၂၊ စေ–၂၇။

- **သံကိလေသိကလည်း မမည် + သံကိလိဋ္ဌလည်း မမည်သော တရား . . .**

  လောကုတ်–၈၊ စေ–၃၆၊ နိဗ္ဗာန်။

အမှာ။ ဥပါဒိန္နတိက်, သံကိလိဋ္ဌတိက်တို့၌ ဖော်ပြခဲ့သော အဓိပ္ပါယ်များကို ဒုကမာတိကာ ရောက်မှ သေချာနားလည်မည်။

### ၆–ဝိတက္ကတိက်

- **ကြံစည်မှုသာ ရှိ၍ သုံးသပ်မှု မရှိသော တရား . . .**

  သဝိတက္ကသဝိစာရစိတ် ၅၅–၌ ရှိသော ဝိစာရစေ–၅၅။

- **ကြံစည်မှု မရှိ, သုံးသပ်မှုမျှသာ ရှိသော တရား . . .**

  ဒုဈာန်–၁၁၊ တက်,စာကြည့် စေ–၃၆၊ သဝိတက္ကသဝိစာရစိတ် ၅၅–ရှိ ဝိတက်စေ–၅၅။

http://www.dhammadownload.com


- **ကြံစည်မှုလည်း ရှိ + သုံးသပ်မှုလည်း ရှိသော တရား . . .**
  သဝိတက္ကသဝိစာရစိတ်–၅၅၊ တက်,စာကြည် စေ–၅၀။
- **ကြံစည်မှုလည်း မရှိ + သုံးသပ်မှုလည်း မရှိသော တရား . . .**
  အဝိတက္ကအဝိစာရစိတ်–၅၅၊ တက်,စာကြည် စေ–၃၆၊ ဒုဈာန် ၁၁–၌ ရှိသော ဝိစာရ စေ–၁၁၊ ရုပ်–၂၈၊ နိဗ္ဗာန်။

## ၇–ပီတိတိက်

- **ပီတိနှင့် အတူတကွ လက်တွဲ၍ ဖြစ်သော တရား . . .**
  ပီတိသဟဂုတ်စိတ်–၅၁၊ ပီ, ဒေါ်, ဋ္ဌ, မစ်, ကုက်, ဝိစိကြည် စေ–၄၆။
- **ပီတိ+သုခ+ဥပေက္ခာတို့နှင့် အတူတကွ လက်တွဲ၍ မဖြစ်သော တရား . . .**
  သုခသဟဂုတ် ကာယဝိညာဉ်, စတုတ္ထဈာန်စိတ် ၁၁–၌ ရှိသော သုခဝေဒနာ–၁၂၊ ဥပေက္ခာဝေဒနာ–၅၅၊ ဒုက္ခသဟဂုတ်စိတ်–၃၊ စေ–၂၂၊ ရုပ်–၂၈၊ နိဗ္ဗာန်။

## ၈–ဒဿနတိက်

- **သောတာပတ္တိမဂ်သည် အကြွင်းမရှိ ပယ်သတ်သော တရား . . .**
  ဒိသံ–၄၊ ဝိစိ–၁၊ မာ, ဒေါ်, ဋ္ဌ, မစ်, ကုက်ကြည် စေ–၂၂။
- **သကဒါဂါမိမဂ်သည် အကြွင်းမရှိ ပယ်သတ်သော တရား . . .**
  မရှိ။
- **အနာဂါမိမဂ်သည် အကြွင်းမရှိ ပယ်သတ်သော တရား . . .**
  ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဝိပ်–၄၊ ဒေါ်–၂၊ ဒိ, ဝိစိကြည်စေ–၂၅။
- **အရဟတ္တမဂ်သည် အကြွင်းမရှိ ပယ်သတ်သော တရား . . .**
  ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဝိပ်–၄၊ ဥဒ္ဓစ္စစိတ်–၁၊ ဒိ, ဒေါ်, ဋ္ဌ, မစ်, ကုက်, ဝိစိကြည် စေ–၂၁။
- **မဂ်တစ်ပါးတည်းဖြင့်သာ ပယ်၍ အမြစ်ပြတ်သော အကုသိုလ်စိတ်များ . . .**
  ဒိသမ်–၄၊ ဝိစိ–၁၊ ဥဒ္ဓစ္စသဟဂုတ်စိတ်–၁ ပေါင်း (၆)ပါး။

အမှာ။ ထိုတွင် ဒိသမ် ၄–နှင့် ဝိစိကိစ္ဆာသဟဂုတ် စိတ်တို့ကို သောတာပတ္တိမဂ်ဖြင့် ပယ်သတ်၏။ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို အရဟတ္တမဂ်ဖြင့် ပယ်သတ်၏။

http://www.dhammadownload.com


- မဂ်နှစ်ပါးဖြင့် ပယ်သတ်မှ အမြစ်ပြတ်သော အကုသိုလ်စိတ် . . .
မရှိ။
- မဂ်သုံးပါးဖြင့် ပယ်သတ်မှ အမြစ်ပြတ်သော အကုသိုလ်စိတ် . . .
ဒေါသမူဒွေ။

အမှာ။ သောတာပတ္တိမဂ်ဖြင့် အပါယဂမနိယ ဖြစ်သော ဒေါသမူဒွေ၊ သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ဒေါသမူဒွေ၊ အနာဂါမိမဂ်ဖြင့် ကြွင်းကျန်သမျှသော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒေါသမူဒွေတို့ကို ပယ်သတ်၏။

- မဂ်လေးပါးလုံးဖြင့် ပယ်သတ်မှ အမြစ်ပြတ်သော အကုသိုလ်စိတ် . . .
ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး။

## ၁၁-အာစယဂါမိတိက်

- သေခြင်း မွေးဖွားခြင်းကို ဖြစ်စေတတ်သော တရား . . .
အကု-၁၂၊ လောကီ ကုသိုလ်-၁၇၊ စေ-၅၂။
- ၃၁-ဘုံသို့ ရောက်စေတတ်သော တရား . . .
အကု-၁၂၊ လောကီ ကုသိုလ်-၁၇၊ စေ-၅၂။
- နိဗ္ဗာန်သို့ ရောက်စေတတ်သော တရား . . .
မဂ်-၄၊ စေ-၃၆။
- ၃၁-ဘုံနှင့် နိဗ္ဗာန်တို့သို့ မရောက်စေနိုင်သော တရား . . .
ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

## ၁၁-သေက္ခတိက်

- သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
သောတာပတ္တိမဂ်စိတ်-၁၊ စေ-၃၆။
- သောတာတာပန် ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
သောတာပတ္တိဖိုလ်စိတ်-၁၊ စေ-၃၆။
- သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
သကဒါဂါမိမဂ်စိတ်-၁၊ စေ-၃၆။

http://www.dhammadownload.com


- သကဒါဂါမိ ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
  သကဒါဂါမိဖိုလ်စိတ်–၁၊ စေ–၃၆။
- အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
  အနာဂါမိမဂ်စိတ်–၁၊ စေ–၃၆။
- အနာဂါမိ ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
  အနာဂါမိဖိုလ်စိတ်–၁၊ စေ–၃၆။
- အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
  အရဟတ္တမဂ်စိတ်–၁၊ စေ–၃၆။
- သေက္ခပုဂ္ဂိုလ် ၇–ယောက်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
  အရဟတ္တဖိုလ်ကြဉ် လောကုတ်–၇၊ စေ–၃၆။
- ရဟန္တာပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
  အရဟတ္တဖိုလ်စိတ်–၁၊ စေ–၃၆။
- အရိယာပုဂ္ဂိုလ် ၈–ယောက်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တရား . . .
  လောကုတ်–၈၊ စေ–၃၆။
- အရိယာပုဂ္ဂိုလ် ၈–ယောက်တို့၏ ကိုယ်ပိုင်ဥစ္စာ မဟုတ်သော တရား . . .
  လောကီ–၈၁၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်။

### ၁၂–ပရိတ္တတိက်

- တန်ခိုးရှိန်စော် အာနုဘော် နည်းသော တရား . . .
  ကာမစိတ်–၅၄၊ စေ–၅၂၊ ရုပ်–၂၈။
- ဈာနလာဘီ ပုဂ္ဂိုလ်တို့ ရောက်အပ်သော တရား . . .
  မဟဂ္ဂုတ်စိတ်–၂၇၊ စေ–၃၅။
- ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရား . . .
  လောကုတ်–၈၊ စေ–၃၆၊ နိဗ္ဗာန်။

### ၁၃–ပရိတ္တာရမ္မဏတိက်

- ပရိတ္တ တရားကို အမြဲ အာရုံပြုသော တရား . . .
  ဒွေပဉ္စ–၁၀၊ မနောဓာတ်–၃၊ သန္တီ–၃၊ မဟာဝိ–၈၊ ဟသိ–၁၊ စေ–၃၃။

http://www.dhammadownload.com


- **ပရိတ္တ တရားကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  အကု-၁၂၊ မနောဒွါ၊ မဟာကု-၈၊ မဟာကြိ-၈၊ ဘိံဒွေ၊ အပ္ပကြဉ် စေ-၅၀။

- **မဟဂ္ဂုတ် တရားကို အမြဲ အာရုံပြုသော တရား . . .**

  ဝိညာ-၃၊ နေဝ-၃၊ စေ-၃၀။

- **မဟဂ္ဂုတ် တရားကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  အကု-၁၂၊ မနောဒွါ၊ မဟာကု-၈၊ မဟာကြိ-၈၊ ဘိံဒွေ၊ ရတိ, အပ္ပကြဉ် စေ-၄၇။

- **အပ္ပမာဏ တရားကို အမြဲ အာရုံပြုသော တရား . . .**

  လောကုတ်-၈၊ စေ-၃၆။

- **အပ္ပမာဏ တရားကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  မနောဒွါ၊ မဟာကုသံ-၄၊ မဟာကြိသံ-၄၊ ဘိံဒွေ၊ ရတိ, အပ္ပကြဉ် စေ-၃၃။

- **ကာမ+မဟဂ္ဂုတ်+လောကုတ္တရာ တရားတို့ကို ရံခါ အာရုံပြုသော တရား ...**

  မနောဒွါ၊ မဟာကုသံ-၄၊ မဟာကြိသံ-၄၊ ဘိံဒွေ၊ ရတိ, အပ္ပကြဉ် စေ-၃၃။

- **ပညတ်ကို အမြဲ အာရုံပြုသော တရား . . .**

  အာကာ-၃၊ အာကိံ-၃၊ ဘိံဒွေမှတပါး ရူပစိတ်-၁၅၊ စေ-၃၅။

- **ပညတ်ကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  အကု-၁၂၊ မနောဒွါ၊ မဟာကု-၈၊ မဟာကြိ-၈၊ ဘိံဒွေ၊ ရတိကြဉ် စေ-၄၉။

- **ဘာကိုမျှ လုံးဝ အာရုံမပြုသော တရား . . .**

  ရုပ်-၂၈၊ နိဗ္ဗာန်။

### ၁၄-ဟီနတိက်

- **အောက်တန်းကျ ယုတ်ညံ့သော တရား . . .**

  အကု-၁၂၊ စေ-၂၇။

- **အလယ်အလတ်ဖြစ်သော မဇ္ဈိမတရား . . .**

  လောကီ ကု-၁၇၊ လောကီ ဝိ-၃၂၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈။

- **မြင့်မြတ်သော တရား . . .**

  လောကုတ်-၈၊ စေ-၃၆၊ နိဗ္ဗာန်။

http://www.dhammadownload.com


## ၁၅-မိစ္ဆတ္တတိက်

- **သေသည့်၏ အခြားမဲ့ (နောင်ဘဝ)၌ အကျိုးပေး မြဲသော တရား . . .**

နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိသံ ၄-ခု သတ္တမဇော၊ မာ, ဒေါ်, ဣ, မစ်, ကုက်, ဝိစိကြဥ် စေ-၂၁။

ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇော၊ ဝိ, လော, ဒိ, မာ, ဝိစိကြဥ် စေ-၂၂။

- **မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲသော တရား . . .**

မဂ်-၄၊ စေ-၃၆။

- **နောင်ဘဝ၌လည်းကောင်း၊ မိမိ၏ အခြားမဲ့၌လည်းကောင်း အကျိုးပေး မမြဲသော တရား . . .**

နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိသံ ၄-ခု သတ္တမဇော, ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇောတို့မှတပါး အကု-၁၂၊ လောကီကု-၁၇၊ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်။

## ၁၆-မဂ္ဂါရမ္မဏတိက်

- **မဂ်ကို လုံးဝ အာရုံမပြုသော တရား . . .**

အကု-၁၂၊ မနောဒွါရာဝဇ္ဇန်းမှတပါး အဟိတ်-၁၇၊ မဟာကုဝိပ်-၄၊ မဟာဝိ-၈၊ မဟာကြိဝိပ်-၄၊ ဘိဉ်ဒွေမှတပါး ရူပ-၁၅၊ အရူ-၁၂၊ ဖိုလ်-၄၊ စေ-၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်။

- **မဂ်ကို တစ်ခါတစ်ရံ အာရုံပြု, တစ်ခါတစ်ရံ အာရုံမပြုသော တရား . . .**

မနောဒွါ၊ မဟာကုသံ-၄၊ မဟာကြိသံ-၄၊ ဘိဉ်ဒွေ၊ စေ-၃၈။

## ၁၇-ဥပ္ပန္နတိက်

- **ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော တရား . . .**

ပစ္စုပ္ပန်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈။

- **ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်, ရောက်ဆဲလည်း မဟုတ်သော တရား**

အနာဂတ်ဖြစ်သော အကု-၁၂၊ ကု-၂၁၊ ကြိ-၂၀၊ စေ-၅၂၊ စိတ္တဇရုပ်-၁၇၊ ဥတုဇရုပ်-၁၅၊ အာဟာရဇရုပ်-၁၄။

http://www.dhammadownload.com


- **အကြောင်း ပြုလုပ်ပြီးက မုချဖြစ်လတ္တံ့သော အကျိုးတရား . . .**

  အနာဂတ်ဖြစ်သော ဝိ-၃၆၊ စေ-၃၈၊ ကမ္မဇရုပ်-၂၀။
- **ခဏသုံးပါးတို့၏ နယ်နိမိတ်မှ လွတ်မြောက်သော တရား . . .**

  နိဗ္ဗာန်။

## ၁၈-အတီတတိက်

- **အတိတ်ကာလ၌ ဖြစ်သော တရား . . .**

  အတိတ်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈။
- **အနာဂတ်ကာလ၌ ဖြစ်သော တရား . . .**

  အနာဂတ်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈။
- **ပစ္စုပ္ပန်ကာလ၌ ဖြစ်သော တရား . . .**

  ပစ္စုပ္ပန်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈။
- **ကာလသုံးပါးမှ လွတ်မြောက်သော တရား . . .**

  နိဗ္ဗာန်။

## ၁၉-အတီတာရမ္မဏတိက်

- **အတိတ်တရားကို အမြဲ အာရုံပြုသော တရား . . .**

  ဝိညာ-၃၊ နေဝ-၃၊ စေ-၃၀။
- **အတိတ်တရားကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  မနောဒွါ၊ ကာမဇော-၂၉၊ တဒါ-၁၁၊ ဘိဉ္ဉာ္ဒွေ၊ ရတိ, အပ္ပကြဉ် စေ-၄၇။
- **အနာဂတ်တရားကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  မနောဒွါ၊ ကာမဇော-၂၉၊ တဒါ-၁၁၊ ဘိဉ္ဉာ္ဒွေ၊ အပ္ပကြဉ် စေ-၅၀။
- **အတိတ်+အနာဂတ် နှစ်ပါးလုံးကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  မနောဒွါ၊ ကာမဇော-၂၉၊ တဒါ-၁၁၊ ဘိဉ္ဉာ္ဒွေ၊ ရတိ, အပ္ပကြဉ် စေ-၄၇။
- **ပစ္စုပ္ပန်တရားကို အမြဲ အာရုံပြုသော တရား . . .**

  ဒွေပဉ္စ-၁၀၊ မနောဓာတ်-၃၊ ဆန္ဒ, ပီတိ, ဝီရိယကြဉ် အညစေ-၁၀။
- **ပစ္စုပ္ပန်တရားကို ရံဖန်ရံခါ အာရုံပြုသော တရား . . .**

  မနောဒွါ၊ ကာမဇော-၂၉၊ တဒါ-၁၁၊ ဘိဉ္ဉာ္ဒွေ၊ အပ္ပကြဉ် စေ-၅၀။

http://www.dhammadownload.com


- **ကာလသုံးပါးကို ရုံခါ အာရုံပြုသော တရား . . .**

  မနောဒွါ၊ ကာမဇော–၂၉၊ တဒါ–၁၁၊ ဘိဝင်္ဂ ရတိ, အပ္ပကြည့် စေ–၄၇။

- **အတိတ်+အနာဂတ်+ပစ္စုပ္ပန် သုံးပါးကို လုံးဝ အာရုံမပြုသော တရား . . .**

  ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာ–၃၊ အာကိ–၃၊ ဘိဝင်္ဂမှတပါး ရူ–၁၅၊ စေ–၃၅။

  အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ်–၈၊ စေ–၃၆။

  ဘာကိုမျှ အာရုံမပြုသော ရုပ်–၂၈၊ နိဗ္ဗာန်။

- **ကာလသုံးပါးကို ရုံခါ အာရုံမပြုသော တရား . . .**

  ပညတ်တရားကို အာရုံပြုနိုက် အကု–၁၂၊ မနောဒွါ၊ မဟာကု–၈၊ မဟာကြိ–၈၊ ဘိဝင်္ဂ ရတိကြည့် စေ–၄၉။

  အပ္ပမာဏတရားကို အာရုံပြုနိုက် မနောဒွါ၊ မဟာကုသံ–၄၊ မဟာကြိသံ–၄၊ ဘိဝင်္ဂ ရတိ, အပ္ပကြည့် စေ–၃၃။

## ၂၀–အဇ္ဈတ္တတိက်

- **အဇ္ဈတ္တ (အတွင်း)သန္တာန်၌ ဖြစ်သော တရား . . .**

  စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈။

- **ဗဟိဒ္ဓ (အပ)သန္တာန်၌ ဖြစ်သော တရား . . .**

  စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်။

- **အတွင်း+အပြင် သန္တာန်နှစ်ရပ်၌ ဖြစ်သော တရား . . .**

  စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈။

## ၂၁–အဇ္ဈတ္တာရမ္မဏတိက်

- **အဇ္ဈတ္တတရားကို အမြဲ အာရုံပြုသော တရား . . .**

  ဝိညာ–၃၊ နေဝ–၃၊ စေ–၃၀။

- **အဇ္ဈတ္တတရားကို ရံခါ အာရုံပြုသော တရား . . .**

  ကာမ–၅၄၊ ဘိဝင်္ဂ ဣဿာ, အပ္ပမညာကြည့် စေ–၄၉။

- **ဗဟိဒ္ဓတရားကို အမြဲ အာရုံပြုသော တရား . . .**

  ဘိဝင်္ဂမှတပါး ရူ–၁၅၊ အာကာ–၃၊ လောကုတ်–၈၊ စေ–၃၈။

http://www.dhammadownload.com


- **ဗဟိဒ္ဓတရားကို ရံခါ အာရုံပြုသော တရား . . .**

ကာမ-၅၄၊ ဘိဇ္ဈေ၊ မစ္ဆရိယကြဉ် စေ-၅၁။

- **အဇ္ဈတ္တ+ဗဟိဒ္ဓ နှစ်ပါးကို ရံခါ အာရုံပြုသော တရား . . .**

ကာမ-၅၄၊ ဘိဇ္ဈေ၊ ဣဿ, မစ်, အပ္ပကြဉ် စေ-၄၈။

- **အဇ္ဈတ္တ+ဗဟိဒ္ဓ နှစ်ပါးလုံးကို လုံးဝ အာရုံမပြုသော တရား . . .**

အာကိံ-၃၊ စေ-၃၀၊

ထိုအာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုခိုက် အကု-၁၂၊ မနောဒွါ၊ မဟာကု-၈၊ မဟာကြိ-၈၊ ဘိဇ္ဈေ၊ ရတိ, အပ္ပ, ဣဿ, မစ်ကြဉ် စေ-၄၅။ ရုပ်-၂၈၊ နိဗ္ဗာန်။

## ၂၂-သနိဒဿနတိက်

- **မြင်အပ်သော တရား . . .**

ရူပါရုံ။

- **မမြင်အပ်သော တရား . . .**

စိတ်-၈၉၊ စေ-၅၂၊ ရူပါရုံကြဉ် ရုပ်-၂၇၊ နိဗ္ဗာန်။

- **ထိပါးတတ်သော တရား . . .**

ဩဠာရိကရုပ်-၁၂။

- **မထိပါးတတ်သော တရား . . .**

စိတ်-၈၉၊ စေ-၅၂၊ သုခုမရုပ်-၁၆၊ နိဗ္ဗာန်။

- **မြင်သာ မြင်အပ်, မထိပါးတတ်သော တရား . . .**

မရှိ။

- **မြင်ကား မမြင်အပ်, ထိသာ ထိပါးတတ်သော တရား . . .**

ရူပါရုံကြဉ် ဩဠာရိကရုပ်-၁၁။

- **မြင်လည်း မြင်အပ် + ထိလည်း ထိပါးတတ်သော တရား . . .**

ရူပါရုံ။

- **မြင်လည်း မမြင်အပ် + ထိလည်း မထိပါးတတ်သော တရား . . .**

စိတ်-၈၉၊ စေ-၅၂၊ သုခုမရုပ်-၁၆၊ နိဗ္ဗာန်။

http://www.dhammadownload.com


# နည်းယူစရာ မေးဖြေလွှာ

ဖော်ပြလတ္တံ့သော ပုစ္ဆာတို့၏ အဖြေဝိသဇ္ဇနာများကို သာဓကယုတ္တိပြ၍ ဆုံးဖြတ်ပါ။

မေး။ နိဗ္ဗာန်သည် (က) ကုသိုလ်လော? (ခ) အပြစ်မရှိသော တရားလော? (ဂ) ကောင်းကျိုးကို ပေးသော တရားလော? (ဃ) အကုသိုလ်လော? (င) အပြစ်ရှိသော တရားလော? (စ) မကောင်းကျိုးကို ပေးသော တရားလော? ထိုခြောက်မျိုးတို့တွင် မည်သည့်အမျိုး၌ ပါဝင်သနည်း။

ဖြေ။ ဘယ်အမျိုး၌မှ မပါ။

သာဓကယုတ္တိ = ကုသလတိက်၊ တတိယပဒ၊ အဗျာကတာ ဓမ္မာ။

မေး။ နိဗ္ဗာန်သည် ဝေဒနာတို့နှင့် ယှဉ်တွဲ၍ ဖြစ်သော တရားလော? ဝေဒနာတို့နှင့် မယှဉ်သော တရားလော?။

ဖြေ။ မယှဉ်သော တရားသာတည်း။

သာဓကယုတ္တိ = ဝေဒနာတိက်၊ တိက်မုတ်။

မေး။ နိဗ္ဗာန်သည် အကြောင်းလော? အကျိုးလော? အကြောင်း,အကျိုး နှစ်ပါးတို့မှ ကင်းလွတ်သလော?။

ဖြေ။ အကြောင်း,အကျိုး နှစ်ပါးတို့မှ ကင်းလွတ်၏။

သာဓကယုတ္တိ = ဝိပါကတိက်၊ တတိယပဒ၊ နေဝဝိပါက နဝိပါက ဓမ္မဓမ္မာ။

မေး။ နိဗ္ဗာန်သည် ဥပါဒိန္နိယဓမ္မလော? အနုပါဒိန္နိယဓမ္မလော?။

ဖြေ။ အနုပါဒိန္နိယဓမ္မ။

သာဓကယုတ္တိ = ဥပါဒိန္နတိက်၊ တတိယပဒ၊ အနုပါဒိန္နအနုပါဒိန္နိယာ ဓမ္မာ။

မေး။ နိဗ္ဗာန်သည် ဥပါဒါန်တို့၏ အစီးအပွား ဖြစ်သလော? မဖြစ်သလော?။

ဖြေ။ မဖြစ်။

သာဓကယုတ္တိ = ဥပါဒိန္နတိက်၊ တတိယပဒ၊ အနုပါဒိန္နအနုပါဒိန္နိယာ ဓမ္မာ။

မေး။ နိဗ္ဗာန်သည် ဥပါဒါန်တို့၏ အာရုံ ဖြစ်သလော? မဖြစ်သလော?။

ဖြေ။ မဖြစ်။

သာဓကယုတ္တိ = ဥပါဒိန္နတိက်၊ တတိယပဒ၊ အနုပါဒိန္နအနုပါဒိန္နိယာ ဓမ္မာ။

မေး။ နိဗ္ဗာန်၌ ပူပန်သော သဘာဝ ရှိသလော? မရှိသလော?။
ဖြေ။ မရှိ။
သာဓကေယုတ္တိ = သံကိလိဋ္ဌတိက်၊ တတိယပဒ၊ အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ။
မေး။ နိဗ္ဗာန်သည် ပီတိနှင့် အတူတကွ လက်တွဲ၍ ဖြစ်သလော? မဖြစ်သလော?။
ဖြေ။ မဖြစ်။
သာဓကေယုတ္တိ = ပီတိတိက်၊ တိက်မုတ်။
မေး။ နိဗ္ဗာန်ကို မဂ်လေးပါးတို့သည် ပယ်သလော? မပယ်သလော?။
ဖြေ။ မပယ်။
သာဓကေယုတ္တိ = ဒဿနတိက်၊ တတိယပဒ၊ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။
မေး။ နိဗ္ဗာန်သည် သုံးဆယ့်တစ်ဘုံသို့ ရောက်ကြောင်း ဖြစ်သလော? မဖြစ်သလော?။
ဖြေ။ မဖြစ်။
သာဓကေယုတ္တိ = အာစယဂါမိတိက်၊ တတိယပဒ၊ နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ။
မေး။ နိဗ္ဗာန်သည် အရိယာပုဂ္ဂိုလ်တို့ ပိုင်ဆိုင်သောဥစ္စာ ဖြစ်သလော? မဖြစ်သလော?။
ဖြေ။ မဖြစ်။
သာဓကေယုတ္တိ = သေက္ခတိက်၊ တတိယပဒ၊ နေဝသေက္ခ နာသေက္ခာ ဓမ္မာ။
မေး။ နိဗ္ဗာန်သည် ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သလော? မဖြစ်သလော?။
ဖြေ။ ဆန့်ကျင်ဘက် ဖြစ်၏။
သာဓကေယုတ္တိ = ပရိတ္တတိက်၊ တတိယပဒ၊ အပ္ပမာဏာ ဓမ္မာ။
မေး။ နိဗ္ဗာန်သည် အာရုံပြုတတ်သောသဘော ရှိသလော? မရှိသလော?။
ဖြေ။ မရှိ။
သာဓကေယုတ္တိ = အာရမ္မဏတိက် (၄)တိက်တို့၏ တိက်မုတ်။
မေး။ နိဗ္ဗာန်က အာရုံပြုနိုင်သော တရားကို ဖော်ပြပါ။
ဖြေ။ မရှိ။
သာဓကေယုတ္တိ = အာရမ္မဏတိက် (၄)တိက်တို့၏ တိက်မုတ်။

http://www.dhammadownload.com


မေး။ နိဗ္ဗာန်သည် အယုတ်, အလတ်, အမြတ် သုံးစုတို့တွင် မည်သည့် အုပ်စု၌ ပါဝင်သနည်း။
ဖြေ။ အမြတ်အုပ်စု၌ ပါဝင်၏။
သာဓကယုတ္တိ = ဟီနတိက်၊ တတိယပဒ၊ ပဏီတာ ဓမ္မာ။
မေး။ နိဗ္ဗာန်သည် စုတိနှင့် မိမိတို့၏ အခြားမဲ့၌ အကျိုးပေး မြဲသောတရား ဖြစ်သလော? မဖြစ်သလော?။
ဖြေ။ မဖြစ်။
သာဓကယုတ္တိ = မိစ္ဆတ္တတိက်၊ တတိယပဒ၊ အနိယတာ ဓမ္မာ။
မေး။ နိဗ္ဗာန်သည် ခဏသုံးပါး၌ အကျုံးဝင်သလော? မဝင်သလော?။
ဖြေ။ မဝင်။
သာဓကယုတ္တိ = ဥပ္ပန္နတိက်၊ တိက်မုတ်။
မေး။ နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်သလော? အကျုံးဝင်သလော?။
ဖြေ။ လွတ်၏။
သာဓကယုတ္တိ = အတီတတိက်၊ တိက်မုတ်။
မေး။ နိဗ္ဗာန်သည် ခန္ဓာကိုယ်၏ အတွင်း၌ တည်ရှိသလော? ပြင်ပ၌ တည်ရှိသလော?။
ဖြေ။ ပြင်ပ၌ တည်ရှိ၏။
သာဓကယုတ္တိ = အဇ္ဈတ္တတိက်၊ ဒုတိယပဒ၊ ဗဟိဒ္ဓါ ဓမ္မာ။
မေး။ နိဗ္ဗာန်ကို မျက်စိဖြင့် မြင်၍ ရ/မရ၊ နိဗ္ဗာန်ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်၍ ရ/မရ။
ဖြေ။ မရ။
သာဓကယုတ္တိ = သနိဒဿနတိက်၊ တတိယပဒ၊ အနိဒဿနအပ္ပဋိဃာ ဓမ္မာ။
အမှာ။ ကြွင်းကျန်သေးသော စိတ်, စေတသိက်, ရုပ်တရားများ၌လည်း အလားတူ မေးခွန်းပေါင်း မြောက်များစွာ မေးနိုင်ပါသေး၏။ နိဗ္ဗာန်နှင့် ပတ်သက်၍ အမြွက်မျှ ပြဆိုအပ်သော နမူနာ အမေးအဖြေကို နည်းမှီ၍ ယင်းတရားများ၌လည်း ဖြေဆိုတော်မူနိုင်စေ။

---

မသာလည်း တ၊ သာလည်း တ၊ မိုးကောင်းကင်မှ၊ ဖိုးရွှေလ။
မတလည်း သာ၊ တလည်း သာ၊ မိုးကောင်းကင်မှာ၊ ရွှေညဝါ။

http://www.dhammadownload.com



# ဟိကမာတိကာ နောက်ဆက်တွဲ

**သဗ္ဗလဒ္ဓနာမတိက်၊ အာဒိလဒ္ဓနာမတိက် . . .**

သုံးပုဒ်လုံး၌ တည်သော ဝေဒနာသဒ္ဒါဖြင့် ဝေဒနာတိက်ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် ဝေဒနာတိက်သည် "သဗ္ဗလဒ္ဓနာမတိက်" မည်၏။

အစ၌ တည်သော ကုသလသဒ္ဒါ၊ ဝိပါကသဒ္ဒါ . . . ဖြင့် ကုသလတိက်, ဝိပါကတိက် . . . ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် (ဝေဒနာတိက်မှတစ်ပါး) ကုသလတိက်, ဝိပါကတိက် . . . စသော ၂၁-တိက်သည် "အာဒိလဒ္ဓနာမတိက်" မည်၏။

ဆောင်။ သဗ္ဗလဒ္ဓိ၊ ဝေဒနာ၊ ကြွင်းမှာ အာဒိလဒ်။

**သပ္ပဒေသတိက် (ဝါ) တိက်မုတ်ထုတ်သော တိက်-၉ . . .**

၁။ ဝေဒနာတိက် ၂။ ဝိတက္ကတိက် ၃။ ပီတိတိက် ၄။ ဥပ္ပန္နတိက် ၅။ အတီတတိက် ၆။ ပရိတ္တာရမ္မဏတိက် ၇။ မဂ္ဂါရမ္မဏတိက် ၈။ အတီတာရမ္မဏတိက် ၉။ အဇ္ဈတ္တာရမ္မဏတိက်။

**နိပ္ပဒေသတိက် (ဝါ) တိက်မုတ်မထုတ်သော တိက်-၁၃ . . .**

၁။ ကုသလတိက် ၂။ ဝိပါကတိက် ၃။ ဥပါဒိန္နတိက် ၄။ သံကိလိဋ္ဌတိက် ၅။ ဒဿနတိက် ၆။ ဒဿနဟေတုတိက် ၇။ အာစယဂါမိတိက် ၈။ သေက္ခတိက် ၉။ ပရိတ္တတိက် ၁၀။ ဟီနတိက် ၁၁။ မိစ္ဆတ္တတိက် ၁၂။ အဇ္ဈတ္တတိက် ၁၃။ သနိဒဿနတိက်။

(အချိုး) ဝေနှင့် ဝိ၊ ပီတိရယ်တဲ့ ဥပ္ပန္နေ။
အတီတာ၊ အာရမ် လေးကို၊ စစ်ဆေး ရှာဖွေ။
သပ္ပဒေ၊ မှတ်လေကွဲ့ ကိုးလုံး။
ကြွင်းတိက်တွေ၊ နိပ္ပဒေ၊ အမည်ရှိတယ်၊
နှိုင်းညှိ ဆယ့်သုံး။

**သပ္ပဒေသတိက်, နိပ္ပဒေသတိက် အဓိပ္ပါယ် . . .**

ကြွင်းသော ပရမတ္ထတရား ရှိသော တိက်တို့သည် သပ္ပဒေသတိက်။

ကြွင်းသော ပရမတ္ထတရား မရှိသော တိက်တို့သည် နိပ္ပဒေသတိက်။

http://www.dhammadownload.com


**စေတသိက်ကိုသာ တိုက်မုတ်ထုတ်သော တိုက်-၁ . . .**

ဝိတက္ကတိုက်။

**နိဗ္ဗာန်ကိုသာ တိုက်မုတ်ထုတ်သော တိုက်-၂ . . .**

၁။ ဥပ္ပန္နတိုက် ၂။ အတီတတိုက်။

ဆောင်။ အတီတ, ဥပ္ပန်၊ ထိုနှစ်တန်၊ နိဗ္ဗာန် တိုက်မုတ်ထုတ်။

**နာမ်တရား သက်သက်ကိုသာ တိုက်မုတ်ထုတ်သော တိုက်-၃ . . .**

၁။ ဝိတက္ကတိုက် ၂။ ဥပ္ပန္နတိုက် ၃။ အတီတတိုက်။

ဆောင်။ အတီတ, ဥပ္ပန်၊ ဝိတက္ကံ၊ နာမ်သာ တိုက်မုတ်ထုတ်။

**နာမ်နှင့်ရုပ် ရောနှော၍ တိုက်မုတ်ထုတ်သော တိုက်-၆ . . .**

၁။ ဝေဒနာတိုက် ၂။ ပီတိတိုက် ၃။ ပရိတ္တာရမ္မဏတိုက် ၄။ မဂ္ဂါရမ္မဏတိုက် ၅။ အတီတာရမ္မဏတိုက် ၆။ အဇ္ဈတ္တာရမ္မဏတိုက်။

ဆောင်။ ဝေ, ပီ, အာရမ္မဏော၊ တိုက်ခြောက်ထွေ၊ ရောလေ နာမ်+ရုပ်၊ တိုက်မုတ်ထုတ်။

အမှာ။ ရုပ်သက်သက်ကိုသာ တိုက်မုတ်ထုတ်သော တိုက် = မရှိ။

ဘာကိုမျှ တိုက်မုတ် မထုတ်သော တိုက်ကား = နိပ္ပဒေသတိုက်-၁၃။

**သုံးပဒလုံး၌ နာမ်တရားကိုသာ အရကောက်သော တိုက်-၆ . . .**

၁။ ဝေဒနာတိုက် ၂။ ပီတိတိုက် ၃။ ပရိတ္တာရမ္မဏတိုက် ၄။ မဂ္ဂါရမ္မဏတိုက် ၅။ အတီတာရမ္မဏတိုက် ၆။ အဇ္ဈတ္တာရမ္မဏတိုက်။

ဆောင်။ ဝေ, ပီ, အာရမ္မဏော၊ တိုက်ခြောက်ထွေ၊ သုဒ္ဓေ-သန့်နာမ်၊ ရကောက်မှန်။

**သုံးပဒလုံး၌ နာမ်နှင့်ရုပ် ရောနှော၍ အရကောက်သော တိုက်-၃ . . .**

၁။ ဥပ္ပန္နတိုက် ၂။ အတီတတိုက် ၃။ အဇ္ဈတ္တတိုက်။

ဆောင်။ ဥပ္ပန်, အတီ၊ အဇ္ဈတ်ညီ၊ သုံးလီ ရုပ်+နာမ်၊ ရောကောက်နှံ့။

အမှာ။ သုံးပဒလုံး၌ ရုပ်သက်သက်ကိုသာ အရကောက်သော တိုက် = မရှိ။

http://www.dhammadownload.com


**ပရမတ္ထတရား လေးပါးလုံးကို အရကောက်သော တိက်,ပဒ-၁ . . .**

အဇ္ဈတ္တတိက်၊ ဒုတိယပဒ၊ ဗဟိဒ္ဓါ ဓမ္မာ။

ဆောင်။ လုံးစုံပရမတ်၊ သိမ်းကောက်အပ်၊ တိက်မြတ် အဇ္ဈတ်၊ ဒု,ပုဒ်မှတ်။

**ခန္ဓာ,အာယတန,ဓာတ်,သစ္စာ အကုန်ဖွဲ့သော တိက်,ပဒ-၁ . . .**

အဇ္ဈတ္တတိက်၊ ဒုတိယပဒ၊ ဗဟိဒ္ဓါ ဓမ္မာ။

ဆောင်။ ခန်, အာ, ဓာ, သစ်၊ အကုန်ဖြစ်၊ တိက်ချစ် အဇ္ဈတ်၊ ဒု,ပုဒ်မှတ်။

**တရား ၁-ပါးမျှသာ အရကောက်သော တိက်,ပဒ-၁ . . .**

သနိဒဿနတိက်၊ ပထမပဒ၊ သနိဒဿနသပ္ပဋိဃာ ဓမ္မာ။

ဆောင်။ တရား တစ်သာ၊ ကောက်လေရာ၊ တိက်မှာ သနိ၊ ပ,ပုဒ် ကြည့်။

အမှာ။ ရူပါရုံ ရုပ်-၁ ပါးကိုသာ အရကောက်၏။

**ခန္ဓာ,အာယတန,ဓာတ်,သစ္စာ ၁-ပါးစီသာ ဖွဲ့သော တိက်,ပဒ-၁ . . .**

သနိဒဿနတိက်၊ ပထမပဒ၊ သနိဒဿနသပ္ပဋိဃာ ဓမ္မာ။

ဆောင်။ ခန်, အာ, ဓာ, သစ်၊ ဖွဲ့စီ တစ်၊ တိက်ဖြစ် သနိ၊ ပ,ပုဒ် ကြည့်။

အမှာ။ ရူပက္ခန္ဓာ, ရူပါယတန, ရူပဓာတ်, ဒုက္ခသစ္စာ ၁-ပါးစီသာ ဖွဲ့၏။

**သစ္စာ လေးပါးလုံး ဖွဲ့သော တိက်,ပဒ-၂ . . .**

အဇ္ဈတ္တတိက်၊ ဒုတိယပဒ၊ ဗဟိဒ္ဓါ ဓမ္မာ။

သနိဒဿနတိက်၊ တတိယပဒ၊ အနိဒဿနအပ္ပဋိဃာ ဓမ္မာ။

ဆောင်။ အဇ္ဈတ္တ, ဒု၊ သနိ, ရူ-တ၊ လေးဝ သစ္စာ၊ ဖွဲ့ဆရာ။

**သစ္စာမဖွဲ့ သစ္စဝိမုတ်သာ ထုတ်သော တိက်,ပဒ-၁ . . .**

သေက္ခတိက်၊ ဒုတိယပဒ၊ အသေက္ခာ ဓမ္မာ။

ဆောင်။ မဖွဲ့ သစ္စာ၊ သစ္စာ ဝိမုတ်၊ သူ၌ ထုတ်၏၊ တိက်ချုပ် သေက္ခ၊ ဒု,ပဒ။

အမှာ။ သေက္ခတိက်၏ ဒုတိယပဒ အရတရားကို သစ္စာ မဖွဲ့ထား။ သို့သော် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုကို သစ္စဝိမုတ် ထုတ်ထား၏။

http://www.dhammadownload.com


**ရူပက္ခန္ဓာ တစ်ပါးသာ ရသော (ဝါ) ရုပ်တစ်စိတ်သာ ရသော တိက်,ပဒ–၂ . .**

သနိဒဿနတိက်၊ ပဌမပဒ နှင့် ဒုတိယပဒ။

ဆောင်။ ရုပ်တစ်စိတ်သာ၊ ရကောက်ဗျာ၊ တိက်မှာ–သနိ၊ ပ,ဒု ကြည့်။

**နာမက္ခန္ဓာသုံးပါး ရသော တိက်,ပဒ–၅ . . .**

ဝေဒနာတိက်၊ ပ, ဒု, တ။ ပီတိတိက်၊ ဒု, တ။

ဆောင်။ နာမက္ခန္ဓာ၊ သုံးဖြာသာနေ၊ ဝေ–သုံးထွေနှင့်၊ မှတ်လေ ပီတိ၊ ဒု,တ ကြည့်။

**နာမက္ခန္ဓာနှင့် ရုပ်တစ်စိတ်သာ ရသော တိက်,ပဒ–၄ . . .**

ဥပါဒိန္နတိက်၊ ပ, ဒု။ ဥပ္ပန္နတိက်၊ ဒု, တ။

ဆောင်။ ရုပ်တစ်စိတ်ပါ၊ နာမ်ခန္ဓာ၊ ကောက်ပါ ဥ, ဥပ်၊

ပ,ဒု ပုဒ်နှင့်၊ စဉ်ထုတ် ဒု,တ၊ လေးပဒ။

**နာမက္ခန္ဓာနှင့် နိဗ္ဗာန်ရသော တိက်,ပဒ–၄ . . .**

ဥပါဒိန္နတိက်၊ တတိယပဒ။ သံကိလိဋ္ဌတိက်၊ တတိယပဒ။

ပရိတ္တတိက်၊ တတိယပဒ။ ဟီနတိက်၊ တတိယပဒ။

ဆောင်။ နာမက္ခန္ဓာ၊ ကောက်–နိဗ္ဗာ၊ ဥပါ, သံ, ပရိတ်၊ ဟီနတိက်မှ၊ ဆုံးပဒ။

**လောကုတ်–၈၊ စေ–၃၆၊ နိဗ္ဗာန်တို့ကို အရကောက်သော တိက်,ပဒ–၄ . . .**

ဥပါဒိန္နတိက်၊ တတိယပဒ။ သံကိလိဋ္ဌတိက်၊ တတိယပဒ။

ပရိတ္တတိက်၊ တတိယပဒ။ ဟီနတိက်၊ တတိယပဒ။

ဆောင်။ ဥပါ, သံ, ပရိတ်၊ ဟီနတိက်မှ၊ တ, ပဒသည်၊ လောကုတ်ညီ။

**မဂ်စိတ်–၄၊ စေ ၃၆–ကို အရကောက်သော တိက်,ပဒ–၃ . . .**

အာစယဂါမိတိက်၊ ဒုတိယပဒ – အပစယဂါမိနော ဓမ္မာ။

မိစ္ဆတ္တတိက်၊ ဒုတိယပဒ – သမ္မတ္တနိယတာ ဓမ္မာ။

မဂ္ဂါရမ္မဏတိက်၊ ဒုတိယပဒ – မဂ္ဂဟေတုကာ ဓမ္မာ။

ဆောင်။ အပစယ၊ သမ္မတ္တနှင့်၊ မဂ္ဂဟေတု၊ ဤသုံးခု၊ မဂ်စု ရကောက်တူ။

http://www.dhammadownload.com



**အကု–၁၂၊ ဧ၂ရ–ကို အရကောက်သော တိက်,ပဒ–၃ . . .**

ကုသလတိက်၊ ဒုတိယပဒ – အကုသလာ ဓမ္မာ။

သံကိလိဋ္ဌတိက်၊ ပဌမပဒ – သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။

ဟီနတိက်၊ ပဌမပဒ – ဟီနာ ဓမ္မာ။

ဆောင်။ အကု, သံကိလိဋ္ဌ၊ နောက် ဟီန၊ သုံး၀ အကုတူ။

**စိတ်–၈၉၊ စေ–၅၂၊ ရုပ် ၂၈–တို့ကို အရကောက်သော တိက်,ပဒ–၆ . . .**

ဥပ္ပန္နတိက်၊ ပဌမပဒ။ အတီတတိက်၊ ပ, ဒု, တ။ အဇ္ဈတ္တတိက်၊ ပ, တ။

ဆောင်။ ဥပ္ပန်မှာ–ပ၊ တီတ–သုံးချက်၊ အဇ္ဈတ်–ပ,တ၊ ပဒ ခြောက်ဆူ၊ ရကောက်တူ။

**အရကောက်တူလျက် ထပ်၍ ဟော . . .**

ဒေသနာဝိလာသအားဖြင့်လည်းကောင်း၊ ဝေနေယျဇ္ဈာသယအားဖြင့်လည်းကောင်း အရကောက်တူလျက် ထပ်မံ၍ ဟောတော်မူ၏။

**တိကမာတိကာ ရှေ့ညဝါ**

**ပြီးပါပြီ။**

---

**သဗ္ဗေ ပူရေန္တု သက်ပ္ပါ**

ရွှေညဝါ ဦးသုန်
ရွှေညဝါ+ဒိကမ္မိက
၁၃၆၀ ပြည့် နှစ်၊ ဖြာသိုလ်လပြည့်ကျော် ၈ ရက်
၉၊ ၁၊ ၁၉၉၉

http://www.dhammadownload.com



## ပုံနှိပ်ခြင်း

သာသနာရေးဦးစီးဌာန၊ စာအမှတ် ၁၁၉/ ၀၁/ (ပုံနှိပ်) သသန-၁၀ ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)ဖြင့် ထုတ်ဝေ၍ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁၇၅)၊ မြေညီထပ်၊ ၃၆-လမ်းရှိ ဦးအောင်မြ၏ ဝသန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ကွန်ပျူတာစာစီ | အရှင်ပညာသိရီ (ရှာင်၊ အုတ်တွင်း) |
| မျက်နှာဖုံးဒီဇိုင်း | ထွန်းဇော်လင်း<br>အမှတ် (၇)၊ ဦးဖိုးထူးလမ်း<br>ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုံး။ ၀၉၅၁-၃၅၈၁၀ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ဓမ္မဒါန |
| ထုတ်ဝေသည့်ခုနှစ် | ၂၀၁၀ ခုနှစ်၊ ဧပြီလ |
| ထုတ်ဝေသည့်အကြိမ် | ဒုတိယအကြိမ် |
| ဖြန့်ချိရာဌာန | ဒေါ်ညွန့်ဝေ ပိဋကတ်စာအုပ်ဆိုင်<br>အမှတ် (၃၉၊ ၄၀)<br>ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဈေးတော်ရှိ<br>ဒဂုံစာတိုက်၊ ရန်ကုန်မြို့။<br>ဖုံး။ ၀၁-၃၈၃၅၁၁ (လိုင်းခွဲ) ၂၀၆ |